Association of the South East Asia Nations

# ອາຊຽນ



asean


Author : Aung Myo Min
Director, Equality Myanmar



Cover and Layout : Equality Myanmar

Published by : Myanmar Civil Societies' Core Group on ASEAN (MCSCGA)

Funded by : NOC of Malaysia, (ASCS/ APF)
IWGIA (International Work Group for Indigenous Affairs)
NICFI (Norway's International Climate and Forest Initiative)

IWGIA

POINT
Promotion Of Indigenous and Nature Together
ပိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့

NICFI
Norway's International Climate and Forest Initiative

# အမှာစာ

မြန်မာနိုင်ငံဟာ ၁၉၉၇ ခုနှစ်ကစပြီး အာဆီယံအသင်း ရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါတယ်၊ ဒါပေမယ့် အာဆီယံအသင်းရဲ့ အကြောင်းကို မြန်မာ့ အရေးလှုပ်ရှားသူတွေကြားမှာ လေးလေးနက်နက် စိတ်ဝင်စားမှု မရှိခဲ့ကြပါ ဘူး၊ မြန်မာအရေးဆိုရင် အာဆီယံအသင်းက အရေးယူဆောင်ရွက်မှုတွေ မလုပ်ဆောင်ခဲ့တာရယ်၊ အာဆီယံလို့ဆိုလိုက်ကထဲက စီးပွားရေးကိုသာ ကြည့်တဲ့အသင်းဆိုပြီး ထင်မြင်တာတွေရယ်၊ လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ ဘာမှ ပြောဆိုစရာ နေရာမရှိတာတွေရယ်ကြောင့် အာဆီယံအသင်းနဲ့ ပတ်သက်ပြီး စိတ်ဝင်စားမှု နည်းခဲ့ကြပါ တယ်။

အာဆီယံအသင်းမှာ အာဆီယံချာတာတွေ၊ လူ့အခွင့်အရေး ကော်မရှင်တွေ၊ အမျိုးသမီးနဲ့ကလေးများ အခွင့်အရေးဆိုင်ရာ ကော်မရှင်တွေ ပေါ်ပေါက်လာတဲ့အခါမှာတော့ လူ့အခွင့်အရေး လှုံ့ဆော်နေတဲ့ သူတွေဟာ အာဆီယံအသင်းအပေါ် ပိုမိုစိတ်ဝင်စားလာပါပြီ၊ လက်ရှိအနေအထားအရ ပြည့်စုံကောင်းမွန်တဲ့ လုပ်ထုံးလုပ်နည်းတွေ မဖြစ်သေးပေမယ့် လူ့အခွင့်အရေး ယန္တရားတခုကတော့ ပေါ်ပေါက်လာခဲ့ပြီ ဖြစ်ပါတယ်၊ ဒီစာအုပ်ငယ်လေးဟာ အာဆီယံအဖွဲ့အကြောင်းသာမကဘဲ အာဆီယံမှာရှိတဲ့ လူ့အ ခွင့်အရေးကော်မရှင်၊ အမျိုးသမီးနဲ့ ကလေးများအခွင့်အရေးဆိုင် ရာကော်မရှင်နဲ့ ပတ်သက်လို့ သိသင့်သိထိုက်တဲ့ ဗဟုသုတ

တွေကို ရှင်းလင်းပြထားတာဖြစ်ပါတယ်၊ ဒီအချက်အလက်တွေက မြန်မာနိုင်ငံက လူ့အခွင့်အရေးနဲ့ အမျိုးသမီးအခွင့်အရေးဆိုင်ရာ လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းတွေရဲ့အနာဂတ်လှုံ့ဆော်စည်းရုံးရေးလုပ်ငန်းတွေကို အထောက်အကူပြုနိုင်မယ်လို့ မျှော်လင့်ပါတယ်။



အောင်မျိုးမင်း
ဒါရိုက်တာ
ညီမျှခြင်းမြန်မာ
ဇန်နဝါရီလ၊ ၂၀၁၇ ခုနှစ်။

# အာဆီယံအသင်းဆိုတာဘာလဲ

အာဆီယံအသင်းဆိုတာ အပြည့်အစုံပြောရရင် (Association of the South East Asian Nations) အရှေ့တောင်အာရှ နိုင်ငံများအသင်းဖြစ်ပါတယ်၊ အရှေ့တောင်အာရှနိုင်ငံတွေထဲက ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလိပိုင်နဲ့ စင်ကာပူနိုင်ငံ (၅) နိုင်ငံက စတင်ပြီး ၁၉၆၇ ခုနှစ် ဩဂုတ်လ (၈) ရက်နေ့မှာ စတင်ဖွဲ့စည်း ခဲ့တာဖြစ်ပါတယ်။ ဒေသတွင်းလုံခြုံရေး၊ စီးပွားရေး ဆက်သွယ်မှု တိုးတက်မြင့်မားရေးနဲ့ နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်ရေးတွေအတွက် မူလကရည်ရွယ်ဖွဲ့စည်းခဲ့တဲ့ အာဆီယံအဖွဲ့ထဲကို ၁၉၈၄ ခုနှစ်မှာ ဘရူနိုင်း နိုင်ငံ၊ ၁၉၉၅ ခုနှစ်မှာ ဗီယက် နမ်နိုင်ငံ၊ ၁၉၉၇ ခုနှစ်မှာ မြန်မာနိုင်ငံနဲ့ လာအိုနိုင်ငံ၊ ၁၉၉၉ ခုနှစ်မှာ ကမ္ဘောဒီးယား နိုင်ငံတို့က အဖွဲ့ဝင်အဖြစ် အသီးသီးဝင်ရောက်ခဲ့လို့ အခုလက်ရှိ အချိန်မှာ အရှေ့တောင်အာရှ (၁၀) နိုင်ငံနဲ့ ဖွဲ့စည်း ထားတဲ့ အဖွဲ့အစည်းဖြစ် လာပါပြီ။

အာဆီယံအသင်းကို ထူထောင်ခဲ့တဲ့ စစချင်းဆယ်နှစ်မှာတော့ အဖွဲ့ကို ဘယ်လိုထူထောင်ကြမလဲ ဆိုတာရယ်၊ အာဆီယံဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေအကြား မိတ်ဆွေအဖြစ် ရင်းနှီးမှု ဘယ်လိုတည်ဆောက်ကြမလဲဆိုတာတွေရယ်ကိုဘဲ လုပ်ဆောင်နိုင်ခဲ့ပါတယ်၊ ၁၉၇၆ ခုနှစ်မှာ အတည်ပြုနိုင်ခဲ့တဲ့ Treaty of Amity and Cooperation in Southeast Asia (TAC) ကျမှ အာဆီယံအဖွဲ့၏ အခြေခံမူဝါဒများကို ချမှတ်နိုင်ခဲ့ပါတယ်။

၁၉၇၇ နဲ့ ၁၉၉၇ ခုနှစ်အတွင်း နှစ်နှစ်ဆယ်ကာလကိုတော့ အဖွဲ့ဝင်သစ်နိုင်ငံတွေ တိုးချဲ့နိုင်တဲ့အချိန်လို့ ပြောနိုင်ပါတယ်။ ၁၉၉၇ ခုနှစ်မှာ ကမ္ဘောဒီးယားနိုင်ငံကအဖွဲ့ဝင်အဖြစ် နောက်ဆုံးဝင်လာအပြီးမှာတော့ အဖွဲ့ရည်မှန်း

ချက်အတိုင်း အဖွဲ့ဝင်ဆယ်နိုင်ငံစလုံးပြည့်သွားပါတယ်။ ၁၉၉၈ ခုနှစ်က နေ ၂၀၀၇ ခုနှစ်တွေထဲမှာတော့ အာဆီယံအသင်းကြီးဟာ ယခင်က မရှိခဲ့တဲ့ ဦးတည်ချက်တွေ (Vision 2015) တို့၊ ဖွဲ့စည်းအုပ်ချုပ်ပုံအသစ် (Asean Charter) တို့ကို ချမှတ်နိုင်ခဲ့ပါတယ်၊ ၂၀၀၉ ခုနှစ်ပိုင်းမှာတော့ လူ့အခွင့်အရေး နဲ့ပတ်သက်ပြီး အရင်ကမရှိခဲ့တဲ့ အာဆီယံ အစိုးရများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်တို့၊ ၂၀၁၀ ခုနှစ်မှာ အာဆီယံ အမျိုးသမီးများနှင့် ကလေးများအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးကော်မရှင်တို့ကို ဖွဲ့စည်းထူထောင်လာနိုင်ခဲ့ပါတယ်။

အဖွဲ့ဝင် ဆယ်နိုင်ငံလုံးရဲ့ ဧရိယာစုစုပေါင်း အကျယ်အဝန်း စတုရန်းကီလိုမီတာပေါင်း ၄၅ သန်းရှိပြီး ၂၀၁၆ ခုနှစ်စာရင်းအရ လူဦးရေ ၆၂၅ သန်းရှိပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေကြားမှာ ကြည့်မယ်ဆိုရင် နိုင်ငံတွေအကြားမတူကွဲပြားမှု တော်တော်များတာတွေ့ရပါလိမ့်မယ်။ နိုင်ငံရေးသမိုင်းကို ကြည့်မယ်ဆိုရင် အာဏာရှင်စစ်အစိုးရနိုင်ငံများ၊ တပါတီစနစ်ကိုကျင့်သုံးအုပ်ချုပ်တဲ့နိုင်ငံမျိုးတွေ၊ ဒီမိုကရေစီကျင့်သုံးတဲ့ နိုင်ငံမျိုးတွေရှိနေပါတယ်။ စီးပွားရေးပိုင်းမှာဆိုရင် စီးပွားရေးအဆင့်အတန်းနဲ့ လူနေမှုအဆင့်အတန်းမြင့်တဲ့နိုင်ငံမျိုးကနေ ဖွံ့ဖြိုးတိုးတက်မှုနည်းတဲ့နိုင်ငံများတွေလဲ ကွာဟမှုတွေရှိနေပါတယ်၊ ဘာသာရေး၊ယဉ်ကျေးမှု နောက်ခံတွေဟာလဲ အာဆီယံ (၁၀) နိုင်ငံတွေကြားမှာ အမျိုးမျိုးအဖုံဖုံရှိတာ အာဆီယံဒေသရဲ့ ထူးခြားချက်တွေဖြစ်ပါတယ်။

# အာဆီယံအဖွဲ့ဝင်နိုင်ငံက ဘယ်နိုင်ငံတွေပါလဲ။

အဖွဲ့ဝင်ဆယ်နိုင်ငံရှိပါတယ်၊ နိုင်ငံတွေရဲ့အဖွဲ့ဝင်တဲ့နှစ်တွေက မတူပါဘူး၊ အောက်က ဇယားကိုကြည့်ပါ။

| | |
|---|---|
| (၁) အင်ဒိုနီးရှား | ၁၉၆၇ ခုနှစ် ဩဂုတ်လ (၈) ရက် |
| (၂) မလေးရှား | ၁၉၆၇ ခုနှစ် ဩဂုတ်လ (၈) ရက် |
| (၃) ဖိလိပိုင် | ၁၉၆၇ ခုနှစ် ဩဂုတ်လ (၈) ရက် |
| (၄) စင်ကာပူ | ၁၉၆၇ ခုနှစ် ဩဂုတ်လ (၈) ရက် |
| (၅) ထိုင်း | ၁၉၆၇ ခုနှစ် ဩဂုတ်လ (၈) ရက် |
| (၆) ဘရူနိုင်း | ၁၉၈၄ ခုနှစ် ဇန်နဝါရီလ (၈) ရက် |
| (၇) ဗီယက်နမ် | ၁၉၉၅ ခုနှစ် ဇူလိုင်လ (၂၈) ရက် |
| (၈) လာအို | ၁၉၉၇ ခုနှစ် ဇူလိုင်လ (၂၃) ရက် |
| (၉) မြန်မာ | ၁၉၉၇ ခုနှစ် ဇူလိုင်လ (၂၃) ရက် |
| (၁၀) ကမ္ဘောဒီးယား | ၁၉၉၀ ခုနှစ် ဧပြီလ (၃၀) ရက် |



Association of the South East Asia Nations

# မြန်မာနိုင်ငံဟာ ဘာကြောင့်အာဆီယံ အဖွဲ့ဝင်ဖြစ်လာလဲ

မြန်မာနိုင်ငံရေးသမားတွေ၊ နိုင်ငံရေး လေ့လာသုံးသပ်သူတွေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ သဘောမတူ ကန့်ကွက်နေတဲ့ကြား မြန်မာ နိုင်ငံဟာ အာဆီယံအသင်းကြီးကို ၁၉၉၇ ခုနှစ် ဝင်ရောက်ခဲ့ပါတယ်။

အတိုက်အခံအုပ်စုတွေ၊ နိုင်ငံတကာ အသိုင်းအဝိုင်းတွေကနေ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဆိုင်ရာ ဖြစ်ထွန်းတိုးတက်မှုတွေဟာ တဖက်ပိတ်အ နေအထားမှာဖြစ်နေပြီး စီးပွားရေးအနေအထားကလဲ အင်မတန်ဆိုးရွားနေ တယ်ဆိုတာရယ်၊ နောက်ပြီး လူမှုရေးဆိုင်ရာ မတည်ငြိမ်မှုဟာလည်းတင်း မာပြင်းထန်တဲ့ အနေအထားမှာ ရှိနေတယ်ဆိုတာကို ထောက်ပြပြီးမြန်မာ နိုင်ငံအနေနဲ့ အာဆီယံအသင်းကြီး ဝင်ရောက်မှုကို သဘောမတူ ဆန့်ကျင်မှု တွေရှိခဲ့ပါတယ်။

ဒါပေမဲ့ သဘောမတူ ကန့်ကွက်နေတဲ့ကြားကဘဲ မြန်မာနိုင်ငံ စစ် အစိုးအရကတော့ နိုင်ငံရဲ့သဘာဝအရင်းအမြစ်တွေကို စွမ်းအင်ငတ်မွတ်နေ တဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ အလဲအလှယ်လုပ်ပြီး အာဆီယံအသင်းကြီးထဲကို အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ပါတယ်။

အာဆီယံအသင်းအဖွဲ့ကြီး ဖြစ်လာကာစ ၁၉၆၇ ခုနှစ်တည်းက အာဆီယံရဲ့ ဦးဆောင်နိုင်ငံတွေဟာ မြန်မာနိုင်ငံနဲ့ အဆက်အဆံမလုပ်ရေး ပေါ်လစီကို ကျင့်သွားခဲ့ပါတယ်၊ သို့သော်လည်း အာရှ -ပစိဖိတ်ဒေသဆိုင် ရာ လုံခြုံရေးလိုအပ်ချက်တွေ၊ ကမ္ဘာ့စီးပွားရေးဆိုင်ရာ ကုန်သွယ်ဘက်ကြီး တွေနဲ့ ယှဉ်ပြိုင်ရာမှာပိုပြီးတော့ ညီညွတ်၊ အားထုတ်ကြိုးပမ်းဖို့ လိုအပ်လာ တယ်ဆိုတဲ့ အနေအထားတွေက အာဆီယံခေါင်းဆောင်ကြီးတွေရဲ့ ချဉ်း

ကပ် သုံးသပ်မှုအမြင်တွေကို ပြောင်းလဲလာစေခဲ့ပါတယ်။

မြန်မာနိုင်ငံကို အာဆီယံအသင်းကြီးထဲ လက်ခံရေးမှာ ဒီထက်ပိုပြီး အခရာကျတာ ရှိပါတယ်။ အဲဒါ ကတော့ မြန်မာနိုင်ငံရဲ့ ပထဝီအနေအထား အရတည်ရှိနေမှုတွေနဲ့ ပေါကြွယ်ဝလှပ်နေတဲ့ သဘာဝအရင်းအမြစ်တွေက အာဆီယံခေါင်းဆောင်တွေကို မျက်စိကျလာစေတာဘဲ ဖြစ်ပါတယ်၊ အာဆီယံခေါင်းဆောင်တွေအနေနဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကြပ်အတည်း ဟာ ပိုပိုပြီးတော့ ဆိုးဝါးလာနေခဲ့တယ်ဆိုတာ မသိတာမဟုတ်ပါဘူး၊ ဒါပေမဲ့ အထက်ပါအနေအထားက မြန်မာနိုင်ငံရဲ့ အာဆီယံအသင်းဝင် ဖြစ်လာရေးမှာ အဓိက တွန်းအားဖြစ်စေခဲ့ပါတယ်။ နောက်ပြီးတော့ အာဆီယံရဲ့ ကျောရိုး ပေါ်လစီမူဖြစ်တဲ့ တခြားနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက် မစွက်ဖက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိရေး၊ ဒေသတွင်း လုံခြုံမှုရှိရေးဆိုတာတွေနဲ့လဲ သဘောတူညီမှုတွေ ရှိခဲ့ပါတယ်။

အပြုသဘောဆောင်တဲ့ ပေါင်းစပ်လုပ်ကိုင်ရေးဆိုတဲ့ အမြင်တွေ တစတစ ဖြစ်ထွန်းပေါ်ပေါက်လာတဲ့ ၁၉၉၀ ဝန်းကျင်လောက်တုန်းက မြန်မာဘက်က စိတ်ပါဝင်စားမှုအားနည်းနေခဲ့ပေမဲ့ မြန်မာစစ်အစိုးရကို အာဆီယံ အနေနဲ့ ဖိတ်ကြားမှုတွေ ရှိခဲ့ပါတယ်၊ မြန်မာနိုင်ငံနဲ့ ပူးပေါင်းလုပ်ဆောင်မှု တွေကို ပြုလုပ်ခဲ့တဲ့နောက်ပိုင်းမှာ အာဆီယံ ခေါင်းဆောင်တွေအနေနဲ့ ဝေဖန်ပြစ်တင်မှုတွေကို အမြဲတမ်းခံခဲ့ရပါတယ်၊ ဒါပေမဲ့ အာဆီယံခေါင်းဆောင် တွေက သူတို့ရဲ့ရပ်တည်ချက်မှန်ကန်တယ်ဆိုတာကို အမြဲတမ်းအကြောင်း ပြခဲ့ပါတယ်။

## အာဆီယံအသင်းရဲ့သင်္ကေတကဘာလဲ။

အရှေ့တောင်အာရှဆယ်နိုင်ငံကို ကိုယ်စားပြုတဲ့ စပါးနှံ (၁၀) နံ့ကို စုစည်းထားတဲ့ သင်္ကေတဖြစ်ပါတယ်၊ အရှေ့တောင်အာရှ ဆယ်နိုင်ငံစလုံး ဟာ ဆန်ကိုအဓိက စားတဲ့နိုင်ငံတွေ ဖြစ်တာကြောင့်ရယ် စုစည်းညီညွတ်မှု သင်္ကေတဆိုတဲ့ အမှတ်အသားရယ်ကြောင့် အခုလို သင်္ကေတကို ရွေးချယ် ထားတာဖြစ်ပါတယ်။

## အာဆီယံကို ဘာရည်ရွယ်ချက်နဲ့ ဖွဲ့ခဲ့သလဲ။

အာဆီယံကိုဖွဲ့စည်းခဲ့စဉ် ၁၉၆၇ ခုနှစ် ဩဂုတ်လ (၈) ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ ဘန်ကောက် ကြေငြာစာတမ်း (Bangkok Declaration) မှာ အာဆီယံရဲ့ ရည်ရွယ်ချက်ကို အခုလိုဖော်ပြထားပါတယ်။

- စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စက်မှုအတတ်ပညာ၊ ပညာရေးနှင့် အခြားနယ်ပယ် များတွင် ပူးပေါင်းဆောင်ရွက်ရန်၊
- ကုလသမဂ္ဂမူဝါဒများနှင့်အညီ ဒေသအတွင်း တရားဥပဒေညီမျှရေး နှင့်တရား ဥပဒေစိုးမိုးရေးများမှတဆင့် ဒေသအတွင်း ငြိမ်းချမ်းရေး နှင့် တည်ငြိမ်အေးချမ်းရေးကို တိုးတက်အောင် လုပ်ဆောင်ရန်၊
- အရှေ့တောင်အာရှနိုင်ငံများအကြား ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုကို ကိုယ်စားပြု၍ စည်းလုံးမှုတည်ဆောက်ရန်နှင့် ငြိမ်း ချမ်းရေး၊ လွတ်မြောက်ရေးနှင့် သာယာဝပြောရေးကို ပူးပေါင်းလုပ် ဆောင် ရန်။

## ဘာကြောင့် အာဆီယံက ဒေသလုံခြုံရေးနဲ့ စီးပွားရေးဖွံ့ ဖြိုးတိုးတက်ရေးကို ဦး စားပေးဖွဲ့စည်းခဲ့တာလဲ။

အာဆီယံကိုစတင်ဖွဲ့စည်းခဲ့တဲ့ ၁၉၆၀ ခုနှစ်တုန်းက အာဆီယံဒေ သအတွင်းက အခြေအနေကို ကြည့်မယ်ဆိုရင် စစ်တလင်းနယ်မြေလိုဖြစ် ခဲ့တဲ့ နိုင်ငံတွေရဲ့ အခြေအနေကို တွေ့ရပါလိမ့်မယ်။ အင်ဒိုချိုင်းနားစစ်ပွဲလို့ ခေါ်တဲ့စစ်ဒဏ်ကြောင့် နိုင်ငံတော်တော်များများဟာ ပြာပုံအဖြစ်မျိုးလောက် ကနေ ပြန်လည်ထူထောင်နေခဲ့ရပါတယ်၊ တချိန်ထဲမှာ တရုတ်ကွန်မြူနစ် အ ယူအဆတွေက တန်ခိုးကြီးလာနေသလို အမေရိကန်နဲ့ဆက်ဆံရေးကောင်း တဲ့နိုင်ငံတွေလဲ ဒေသအတွင်းမှာ ရှိနေပါတယ်။ စစ်အေးတိုက်ပွဲရဲ့အားပြိုင် မှုတွေ၊ လက်နက်အားပြိုင်မှုတွေကို ၁၉၆၀ ခုနှစ်ပိုင်းအတွင်း အာဆီယံဒေသ ထဲမှာ ထင်ထင်ရှားရှားတွေ့ရပါတယ်။ နောက်ပြီးဒေသအတွင်း၊ နိုင်ငံအတွင်း

နဲ့ နိုင်ငံတွေအကြား ဆက်ဆံရေးမကောင်းမွန်ဘဲ အင်ဒိုနီးရှားနဲ့ မလေးရှား နိုင်ငံမှခွဲထွက်တဲ့ အဖြစ်အပျက်တွေရှိနေပြီး ဒေသတွင်းလုံခြုံရေးမတည်ငြိမ် တဲ့အချိန်ဖြစ်တယ်။ စီးပွားရေးအရ ပူးပေါင်းလုပ်ဆောင်ဖို့ လိုနေတဲ့အချိန် ဖြစ်နေပါတယ်၊ ဒါကြောင့်မို့လို့ ဒေသအတွင်းလုံခြုံမှု တည်ဆောက်ရေး၊ နိုင်ငံ များအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေးနဲ့ ကွန်မြူနစ်အင်အားကို ကာကွယ်ရေးဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အာဆီယံ အသင်းကြီး ပေါ်ပေါက်လာခဲ့တာလို့ ဆိုနိုင်ပါတယ်။

တချိန်ထဲမှာဘဲ အဲဒီအချိန်မှာရှိတဲ့ အာဆီယံနိုင်ငံတွေမှာ အာဏာ ရှင်ခေါင်းဆောင်တွေ ပေါ်ထွန်းနေလျက်ရှိပါတယ်၊ မြန်မာနိုင်ငံမှာ ဗိုလ်ချုပ် နေဝင်း၊ ဖိလိပိုင်မှာမားကို့၊ အင်ဒိုနီးရှားမှာ ဆူဟာတို၊ ထိုင်းနိုင်ငံမှာ ဗိုလ်ချုပ် ကြီး ထနွန်၊ စင်ကာပူမှာ လီကွန်ယူ၊ မလေးရှားမှာ အဗဒူရာမန် စတဲ့ အာဏာ ရှင်ခေါင်းဆောင်တွေ အသီးသီးရှိနေပါတယ်၊ တဖက်က ဒေသတွင်းလုံခြုံ ရေး၊ ပူးပေါင်းဆောင် ရွက်ရေးတို့ကို လုပ်ဆောင်ချင်ပေမဲ့ တဖက်ကလဲ ကိုယ့် ပြည်တွင်းရေးကို လာရောက်ထိပါးမှာ စိုးရိမ်မှုတွေရှိခဲ့တဲ့အတွက် အဖွဲ့ဝင် နိုင်ငံတနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်မစွက်ဖက်ရေးမူကို ဦးတည်ရည်ရွယ် ထားခဲ့တာဟာလဲ အာဆီယံရဲ့ ထူးခြားချက်တရပ်ပါဘဲ။

စတင်ဖွဲ့စည်းခဲ့စဉ်က အာဆီယံအသင်းကြီးရဲ့ ရည်ရွယ်ချက်တွေကို ၁၉၇၆ ခုနှစ်မှာ အတည်ပြု နိုင်ခဲ့တဲ့ Treaty of Amity and Cooperation in South east Asia (TAC) အာဆီယံအဖွဲ့၏ အခြေခံမူဝါဒကို ကြည့်ရင်သိ နိုင်ပါတယ်။

အာဆီယံရဲ့အခြေခံမူတွေကတော့ - - -

- နိုင်ငံများအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာတည်ရှိမှု၊ တန်းတူမှု နယ်နမိတ်ပိုင်ဆိုင်မှုနှင့် နိုင်ငံတော်ဝိသေသ လက္ခဏာများကို အပြန်အလှန် လေးစားခြင်း။
- နိုင်ငံတိုင်း၏ တည်ရှိခွင့်ကိုလေးစားပြီး နိုင်ငံတိုင်း ပြည်ပမှ ဝင်ရောက်စွက်ဖက်မှု၊ နယ်ချဲ့မှုနှင့် အကြပ်ကိုင်မှုများမှ ကင်းလွတ်စေခြင်း၊
- နိုင်ငံတခု၏ ပြည်တွင်းရေးကို အခြားနိုင်ငံက ဝင်ရောက်စွက်ဖက်မှုမှ ကင်းလွတ်ခြင်း၊
- မတူညီမှုများ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းစေခြင်း၊
- ခြိမ်းခြောက်ခြင်း အင်အားသုံးခြင်းများကို ရှောင်ကြဉ်ခြင်း၊
- နိုင်ငံများအကြား ထိရောက်သော ပူးပေါင်းဆောင်ရွက်ခြင်းများ တည်ဆောက်ခြင်းတို့ ဖြစ်ပါတယ်။

## အာဆီယံမှာ လူ့အခွင့်အရေးနဲ့ပတ်သက်လို့ ဘယ်လိုစတင်လာခဲ့ပါသလဲ။

အာဆီယံအဖွဲ့ကိုစတင်ဖွဲ့စည်းတုန်းက လူ့အခွင့်အရေးနဲ့ပတ်သက်လို့ ဘာရည်ရွယ်ချက်မှ မထားရှိခဲ့ပါဘူး၊ အသင်းကြီးရဲ့ အဓိကရည်မှန်းချက်တွေက ဒေသတွင်း လုံခြုံရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး သက်သက်သာ ဖြစ်ပြီး လူ့အခွင့်အရေးဆိုတဲ့စကားလုံးကို ထည့်သွင်းဆွေးနွေးတာတွေမရှိအောင် ရှောင်ကြဉ်ခဲ့တယ်လို့တောင် ဆိုနိုင်ပါတယ်။

အာဆီယံအသင်းရဲ့ သမိုင်းမှာ လူ့အခွင့်အရေးဆိုတဲ့ စကားလုံးကို ပထမဦးဆုံးထည့် သွင်းရေးသားခဲ့တာကတော့ ၁၉၇၈ ခုနှစ် အာဆီယံနဲ့ ဥရောပသမဂ္ဂတို့ရဲ့ပူးတွဲကြေငြာချက်မှာ ဖြစ်ပါတယ်၊ "လူမျိုး၊ လိင်၊ ကိုးကွယ်တဲ့ ဘာသာမရွေး လူ့အခွင့်အရေးနဲ့ အခြေခံလွတ်လပ်ခွင့်တွေကို တိုးတက်မြင့်မားဖို့အတွက်နဲ့ လေးစားဖို့အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်ရမယ်" လို့ ကြေညာချက်ထဲမှာ ရေးသားခဲ့ပါတယ်။

၁၉၉၃ ခုနှစ် ဇွန်လက ဗီယင်နာမြို့မှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့လူ့အခွင့်အရေးညီလာခံမှာ လူ့အခွင့်အရေး တိုးတက်မြင့်မားရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးကို လုပ်ဆောင်ဖို့အတွက် ဒေသအတွင်းမှာ လိုအပ်တဲ့ဌာနတွေ တည်ဆောက်ဖို့ ဆွေးနွေးခဲ့တဲ့နောက်ပိုင်း အာဆီယံအသင်းအတွင်းမှာ လူ့အခွင့်အရေး စတင်ပြောဆိုလာပါပြီ။ ၁၉၉၃ ခုနှစ် ဇူလိုင်လက လာအိုနိုင်ငံ ဗီယင်ကျင်းမြို့မှာကျင်းပတဲ့ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေနဲ့ လူ့အခွင့်အရေးဆိုတာ တခုနဲ့တခုအပြန်အလှန်ဆက်စပ်နေပြီး ခွဲခြားလို့မရဘူးလို့ စတင်ဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် ဗီယင် နာကြေညာစာတမ်းကို ထောက်ခံတဲ့အနေနဲ့ အာဆီယံအသင်းမှာ လူ့အခွင့်အရေးဆိုင်ရာယန္တရားတခုကို သင့်လျော်သလို ထူထောင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

၂၀၀၇ ခုနှစ် နိုဝင်ဘာလမှ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက အတည်ပြုလက်မှတ်ထိုးပြီး ပေါ်ပေါက်လာတဲ့ အာဆီယံပဋိညာဉ်ထဲမှာဆိုရင် အာဆီယံ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ လူ့အခွင့် အရေးနဲ့ အခြေခံလွတ်လပ်ခွင့်တွေကို တိုးတက်မြင့်မားအောင်လုပ်ဖို့နဲ့ ကာကွယ်စောင့်ရှောက်ဖို့ကို ရေးသားဖော်ပြလာခဲ့ပါတယ်။ အာဆီယံပဋိညာဉ်ရဲ့ အပိုဒ် (၁၄) မှာဆိုရင် "လူ့အခွင့်အရေး

များကို တိုးတက်မြင့်မားရေးနဲ့ ကာကွယ်ရေးတို့နဲ့ သက်ဆိုင်တဲ့ အာဆီယံချာတာရဲ့ ရည်ရွယ်ချက်နဲ့ မူဝါများနဲ့အညီ အာဆီယံဒေသအတွင်း လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့တခုကို တည်ဆောက်ရန်” လို့ ရေးသားလာခဲ့ပါတယ်။

## အာဆီယံမှာ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ စာချုပ်စာတမ်းတွေ ရှိပါသလား။

အာဆီယံမှာ လူ့အခွင့်အရေးနဲ့ပတ်သက်လို့ အဓိကစာတမ်းကိုပြရမယ်ဆိုရင် ၂၀၁၂ခုနှစ် နိုဝင်ဘာလမှာပြဌာန်းခဲ့တဲ့ အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း (ASEAN Declaration on Human Rights )ကို ပြရမှာဖြစ်တယ်။ ဒီစာတမ်းမှာ လူ့အခွင့်အရေးတွေကို သတ်မှတ်ရေးသားထားယုံမကဘဲ ဒီအခွင့်အရေးတွေကို အာဆီယံပြည်သူတွေအနေနဲ့ အပြည့်အဝခံစားခွင့်ရှိတယ်။ ဒီလိုခံစားနိုင်ဖို့အတွက်လဲ အာဆီယံအစိုးရတွေက လေးစား၊ ကာကွယ်၊ ဖြည့်ဆည်းပေးဖို့ တာဝန်ရှိတယ်လို့ ဖော်ပြထားပါတယ်။

အာဆီယံမှာ လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ လက်ရှိရှိနေတဲ့ စာချုပ်စာတမ်းတွေကတော့ ကလေးများအတွက် ကတိပြုမှုဆိုင်ရာ ကြေညာစာတမ်း (Declaration on the Commitment for Childern - 2001)၊ အာဆီယံအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ ကြေညာစာတမ်း (Declaration on the Elimination of Violence against women in ASEAN - 2004)၊ လူကုန်ကူးခံရသောသူများ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးများအား လူကုန်ကူးခြင်းဆန့်ကျင်ရေးဆိုင်ရာကြေညာစာတမ်း (Declaration Against Trafficking in person on Trafficing particularly on women and children - 2004)၊

ရွှေ့ပြောင်းအလုပ်သမားများအား မြှင့်တင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာကြေညာစာတမ်း (ASEAN Declaration on the promotion and protection of Migrant Worker- 2007)၊ တွေ့ရှိသလို အာဆီယံချာတာ (ASEAN Charter - 2008) လဲပေါ်ပေါက်လာပါပြီဖြစ်ပါတယ်။

အာဆီယံမှာ နောက်ပိုင်း ပေါ်ပေါက်လာခဲ့တဲ့ စာချုပ်ကတော့ အာဆီယံ လူကုန်ကူးမှုတိုက်ဖျက်ရေးစာချုပ် (ASEAN Convention Against Trafficking in Persons ACTIP -2015) ဖြစ်ပါတယ်။

## အာဆီယံရဲ့ရည်မှန်းချက် ASEAN Vision 2015 ဆိုတာဘာလဲ။

၁၉၉၇ ခုနှစ် ဒီဇင်ဘာလမှာတော့ အာဆီယံခေါင်းဆောင်တွေ ဟာ အနာဂတ်မှာ အာဆီယံနိုင်ငံတွေက ပြည်သူတွေအနေနဲ့ ဘယ်လိုမျိုး ဖြစ်အောင်ကြိုးပမ်းဆောင်ရွက်ကြမလဲဆိုတဲ့ ရည်မှန်းချက်တွေကို ထုတ်ပြန်လာခဲ့ပါတယ်၊ နိုင်ငံရေးသာမက စီးပွားရေး၊ ယဉ်ကျေးမှုဖက်တွေမှာပါ တိုးတက်လာအောင် ရည်မှန်းထားတဲ့ ဒီရည်မှန်းချက်တွေကို အာဆီယံရည်မှန်းချက်များ (ASEAN Vision 2020) လို့ ခေါ်ကြပါတယ်။ ဒါ့အပြင် အာဆီယံအသိုင်းအဝိုင်း (ASEAN Community) ကို သက္ကရာဇ် ၂၀၂၀ ခုနှစ်မှာပြည့်မီ အောင်ကြိုးပမ်းသွားဖို့ ရည်ရွယ်ထားတဲ့အတွက် ၂၀၂၀ ကိုထည့်သွင်းခေါ်ဝေါ်တာဖြစ်ပါတယ်၊ ဒါပေမဲ့ ၂၀၀၆ ခုနှစ်မှာတော့ အခုရည်မှန်းချက်တွေကို ၂၀၁၅ ခုနှစ်မှာ ပြည့်မီအောင်ဆောင်ရွက်နိုင်တယ်လို့ ဆုံးဖြတ်ခဲ့တဲ့အတွက် (ASEAN Vision 2015) လို့ပြောင်းလဲ ခေါ်ဝေါ်သတ်မှတ်ခဲ့ ပါတယ်။

အဲဒီရည်မှန်းချက်တွေကတော့ ဒေသတခုလုံးမှာ ဝိသေသ တခု

တည်းသာရှိလာမည်၊ ဒေသအတွင်း ငတ်မွတ်ခြင်း၊ အဟာရချို့တဲ့ခြင်း၊ ငြင်းပယ်ခံရခြင်းနှင့် ဆင်းရဲမွဲတေခြင်းပြဿနာများ ချုပ်ငြိမ်းရမည်။ နိုင်ငံတွေအကြား ပဋိပက္ခကင်းဝေးရမည်၊ မူးယစ်ဆေးဝါးကင်းစင်ရမည်။ သန့်ရှင်း စိမ်းလန်းသော အာဆီယံဒေသဖြစ်ရမည်။ အကြမ်းဖက်မှုနှင့် ရှုံးကလီးယားကင်းစင်ရမည် ဆိုတာတွေဖြစ်ပါတယ်။

## အာဆီယံ ဒေါက်တိုင်(၃) ခုဆိုတာဘာလဲ။

သက္ကရာဇ် ၂၀၁၅ ခုနစ်ပြည့်ဝယ်ဆိုတဲ့ ရည်မှန်းချက်တွေကို ပြည့်ဝနိုင်အောင် အာဆီယံအသင်းဟာ အဓိကဒေါက်တိုင် (၃) ခုကိုအခြေပြုပြီး လုပ်ဆောင်ရမယ်လို့ လမ်းညွှန်ထားပါတယ်။ အဲဒါတွေကတော့ (၁) နိုင်ငံရေးနဲ့ လုံခြုံရေးဒေါက်တိုင် (ASEAN Economic Commuity)၊ (၂)စီးပွားရေးဒေါက်တိုင် (ASEAN Economic Community) နှင့်(၃) လူမှုယဉ်ကျေးမှု ဒေါက်တိုင် (ASEAN Socio- Cultural Community)တို့ ဖြစ်ပါတယ်၊ ဒီဒေါက်တိုင်သုံးခုဟာ အပြန်အလှန် အမှီပြုနေပြီး တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ အတူခွဲဝေခံစားတဲ့ သာယာဝပြောရေးတွေ ထွန်းကားလာအောင် လုပ်ဆောင်ရမယ်လို့ ဆိုထားပါတယ်။

နိုင်ငံရေးနဲ့ လုံခြုံရေးဒေါက်တိုင် (ASEAN Political-Security Community) ဆိုတာကတော့ ဒေသအတွင်းနဲ့ ဒေသတွေအကြား မတူညီမှုတွေကို ဖြေရှင်းဖို့အတွက် ရည်ရွယ်ပါတယ်၊ ဥပဒေစိုးမိုးမှုကိုအခြေခံဖို့၊ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်ဖို့၊ စံသတ်မှတ်ချက်များ ဖော်ထိုကောင်းမွန်လုပ်ဆောင်ဖို့၊ နိုင်ငံတွေအကြား ပဋိပက္ခာတွေကိုတားဆီးဖို့ ၊ ပဋိပက္ခတွေအပြီး ငြိမ်းချမ်း

ရေးတည်ဆောက်ဖို့၊ အကြမ်းဖက်မှုကို တိုက်ဖျက်ဖို့နဲ့ ဒေသအတွင်း ယန္တရားတွေ တည်ဆောက်ဖို့စတဲ့လုပ်ငန်းတွေရှိပါတယ်၊ မူဝါဒတွေကတော့ ပြည်တွင်းရေးဝင်ရောက် မစွက်ဖက်ရေး၊ နိုင်ငံနဲ့ဒေသအလိုက် ကာကွယ်စောင့်ရှောက်ရေးနဲ့ နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာကို လေးစားရေးတို့ဖြစ်ပါတယ်။

ဒီဒေါက်တိုင်နဲ့ပတ်သက်လို့ ဝေဖန်သူတွေကတော့ နိုင်ငံရဲ့လုံခြုံရေးကို ဦးစားပေးလွန်းတဲ့အပြင် ဒီအရာတွေ ဆွေးနွေးတဲ့အခါမှာ လူထုအခြေပြုအဖွဲ့တွေ ပါဝင်မှုမရှိပါဘူးလို့ ဝေဖန် ကြပါတယ်၊ လူ့အခွင့်အရေးကို ဆွေးနွေးတဲ့အခါမှာ နိုင်ငံတကာစံချိန်စံညွှန်းတွေကို ကိုးကားမှုအားနည်းတယ်လို့လဲဆိုပါတယ်၊ နိုင်ငံအတွင်း ဒါမှမဟုတ် နိုင်ငံတွေကြားမှာ ပဋိပက္ခတွေဖြစ်လာရင် ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ ယန္တရားမရှိတာဟာလဲ အားနည်းချက်ဖြစ်တယ်လို့ ထောက်ပြပါတယ်၊ နောက်တခုကတော့ ပြည်တွင်းဒုက္ခသည်တွေအရေးကို လုံးဝပြောဆိုထား တာမရှိဘူးဆိုတဲ့အချက်ပါဘဲ။

စီးပွားရေးဒေါက်တိုင် (ASEAN Economic Community)ဆိုတာကတော့ ကုန်ပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ လွတ်လွတ်လပ်လပ်စီးဆင်းနိုင်ပြီး ငွေကြေးလည်ပတ်မှုတွေ ပိုမိုကောင်းမွန်တဲ့၊ စီးပွားရေး ပိုမိုတိုးတက်ပြီး ဆင်းရဲမွဲတေမှုကို လျော့ချနိုင်တဲ့ တည်ငြိမ်သော၊ သာယာဝပြောသော ယှဉ်ပြိုင်မှုမြင့်မားသော အာဆီယံဒေသဖြစ်အောင်လုပ်ဖို့ လုပ်ငန်းတွေရှိပါတယ်၊ ဈေးကွက်တခုထဲဖြစ်ရေး၊ ထုတ်လုပ်မှုကိုအခြေခံရေး၊ ကမ္ဘာ့စီးပွားရေးစနစ်ကို ဝင်ရောက်နိုင်ရေးတွေက ဒီနေရာမှာပါဝင်နေတာတွေ့ရပါတယ်။

လူမှုယဉ်ကျေးမှုဒေါက်တိုင် (ASEAN Socio-Cultural Community) ဆိုတာကတော့ တဦးနဲ့တဦး ချစ်ခင်ဂရုစိုက်တဲ့ မိသားစုအသိုင်းအဝိုင်းကို ထူထောင်ပြီး ဒေသတခုလုံးကို ကိုယ်စားပြုတဲ့ ဝိသေသနမျိုး ဖြစ်လာစေဖို့၊ ကျေးလက်နဲ့ အခွင့်အရေးမရရှိတဲ့သူတွေရဲ့ ဘဝမြင့်မားလာအောင်ရည်ရွယ်တဲ့ လူမှုတိုးတက်ဖွံ့ဖြိုးရေးအတွက် အဓိကထားပြီးပူးပေါင်းဆောင်ရွက်ဖို့ အမျိုးသမီး၊ လူငယ်၊ ရပ်ရွာပတ်ဝန်းကျင်စတဲ့ လူတန်းစားအားလုံးတက်ကြွစွာပါဝင်လာစေဖို့ စတဲ့လုပ်ငန်းတွေရှိပါတယ်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဖူလုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းစောင့်ရှောက်ရေးတွေ ပါဝင်ပါတယ်။ အများဆုံးသက်ဆိုင်တဲ့အကြောင်းတွေကတော့ ဆင်းရဲမွဲတေမှု၊ ကျန်းမာရေး၊ သဘာဝဘေးဒဏ်၊ ပညာရေး၊ အစားအစာလုံခြုံရေး၊ သဘာပတ်ဝန်းကျင်၊ ရွှေ့ပြောင်းအလုပ်သမား၊ အမျိုးသမီးနဲ့ ကလေးဆိုင်ရာအခွင့်အရေး သိပ္ပံပညာနဲ့နည်းပညာပိုင်းတွေဖြစ်ပါတယ်။

## အာဆီယံချာတာ (ASEAN Chater) ဆိုတာရောဘာကိုဆိုလိုတာလဲ။

ပြောင်းလဲလာခဲ့တဲ့ ဒေသအတွင်းဖြစ်စဉ်တွေ၊ နိုင်ငံတကာအခင်းအကျင်းတွေကြောင့် အာဆီယံအသင်းကြီးဟာ အရင်ကလိုဒေသအတွင်း လုံခြုံရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလောက်ကိုသာ ရည်ရွယ်လို့မရတော့ဘူးဆိုတာ သဘောပေါက်လာပါတယ်၊ အချင်းချင်းပူးပေါင်းဆောင်ရွက်ရေးကို တိတိကျကျသတ်မှတ်ဖို့၊ အသင်းဝင်တွေအကြား စည်းမျဉ်းစည်းကမ်းတွေချမှတ်ဖို့ လုပ်ထုံးလုပ်နည်းတွေကို တိတိကျကျသတ်မှတ် လုပ်ဆောင်ဖို့

လိုအပ်လာပြီလို့ နားလည်လာတဲ့နောက်မှတော့ ဒီအရာတွေကို သတ်မှတ်ပြဌာန်းကိုကားနိုင်မည့် ဖွဲ့စည်းပုံအခြေခံတခုလို အရာမျိုးကို ရေးဆွဲဖို့ပြင်ဆင်ကြိုးပမ်းလာခဲ့ပါတယ်၊ အဲဒီရဲ့ရလဒ်အနေနဲ့ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေ ကို လမ်းညွှန်ထားတဲ့ အာဆီယံချာတာ (ASEAN Charter) ဆိုတာပေါ်ပေါက်လာခဲ့ပါတယ်၊ အဖွဲ့ဝင်နိုင်ငံ (၁၀) နိုင်ငံစလုံးက လက်မှတ်ထိုးပြီးနောက် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ (၁၅) ရက်နေ့မှာ စတင် အသက်ဝင်လာပါတယ်။

## အာဆီယံချာတာ (ASEAN Chater)က အာဆီယံအသင်းအတွက် ဘာကြောင့်အရေးကြီးတာလဲ

အာဆီယံချာတာဆိုတာ နိုင်ငံတနိုင်ငံမှာရှိတဲ့ အစိုးရတရပ်ကို ရည်မှန်းချက်၊ လုပ်ပိုင်ခွင့်၊ တာဝန်၊ လိုက်နာရမဲ့အချက်တွေ ဖော်ပြရေးသားထားတဲ့ နိုင်ငံတခုရဲ့ဖွဲ့စည်းပုံဥပဒေတခုလိုပါဘဲ။ အာဆီယံအသင်းရဲ့ရည်မှန်းချက်တွေ၊ မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ဆောင်ရမဲ့ ယန္တရားတွေကို ဖော်ပြထားတဲ့ ပဋိညာဉ်ဘဲဖြစ်ပါတယ်။ အဖွဲ့ဝင် ဆယ်နိုင်ငံစလုံးက လိုက်နာပါ့မယ်လို့ လက်မှတ်ရေးထိုး ကတိပြုထားတဲ့အတွက် စည်းနှောင်မှုအားရှိတဲ့အရာလို့ပြောနိုင်ပါတယ်။

ဒီချာတာမှာ အာဆီယံအသင်းရဲ့ရည်မှန်းချက်တွေ၊ မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ စည်းမျည်းစည်းကမ်းတွေ၊ လုပ်ဆောင်ရမယ့်ယန္တရားတွေဖော်ပြထားတဲ့အပြင် လူ့အခွင့်အရေး၊ ရွှေ့ပြောင်းအလုပ်သမား၊ အမျိုးသမီးနဲ့ ကလေးသူငယ်အကြောင်းတွေနဲ့ ပတ်သက်တာတွေကို ဒီချာတာထဲ

မှာတွေ့နိုင်ပါတယ်။ အာဆီယံအသင်းကြီးအနေနဲ့ လူထုအခြေပြုအဖွဲ့ အစည်းတွေရဲ့ ပါဝင်ခွင့်ကိုခွင့်ပြုရမယ်လို့ ဒီချာတာမှာ ဖော်ပြထားတာထူးခြားချက်တခုပါ။ အာဆီယံဒေသအတွင်း လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး စည်းရုံးလှုံ့ဆော်သူတွေနဲ့ ပတ်သက်ပြီး အရေးကြီးတဲ့ အချက်ကတော့ချာတာရဲ့အပိုဒ် (၁၄)အရ အာဆီယံဒေသဆိုင်ရာ လူ့အခွင့်အရေးဌာနတခုကို ဖွဲ့စည်းဖို့ရေးသားထားတာဘဲဖြစ်ပါတယ်။

## ချာတာအပေါ်လူထုအခြေပြုအဖွဲ့တွေက ဘယ်လိုသုံးသပ်ကြပါသလဲ။

ချာတာ ပေါ်ပေါက်လာတာကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ တာဝန်ရှိမှု တာဝန်ယူမှုတွေနဲ့ပတ်သက်ပြီး ပြောဆိုထောက်ပြနိုင်မယ့်နေရာတခုပေါ်ပေါက်လာတာဖြစ်တယ်ဆိုပြီး ကြိုဆိုသူတွေလဲရှိပါတယ်။ တချို့ကတော့ ဒီချာတာရေးဆွဲတဲ့နေရာမှာ လူထုအခြေပြုအဖွဲ့အစည်းတွေပါဝင်တာမရှိဘဲ အစိုးရကိုယ်စားလှယ်တွေဘဲ ပြင်ဆင်မှုရှိခဲ့ပြီး လူ့အခွင့်အရေးနဲ့ပတ်သက်လို့ ကိုးကားရာမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက ရေးထိုးထားပြီးသားဖြစ်တဲ့ နိုင်ငံတကာစာချုပ်တွေကိုဘဲ ကိုးကားထားခဲ့တဲ့အတွက် အဆင့်မြင့်မှုသိပ်မရှိဘူးလို့ ဆိုပါတယ်။ လူထုအခြေပြု အဖွဲ့တွေပါဝင်ခွင့်ရှိတယ်ဆိုပေမယ့် ဘယ်လိုပုံဘယ်လိုနည်းနဲ့ ပါဝင်ခွင့်ပြုမယ်ဆိုတာကိုတိတိကျကျ မဖော်ပြထားဘူးလို့လဲ ထောက်ပြတာလဲရှိပါတယ်။

# ချာတာမှဖော်ပြထားတဲ့ အာဆီယံအသင်းကြီးရဲ့ မူဝါဒတွေက ဘာတွေလဲ။

- အဖွဲ့ဝင်နိုင်ငံများ၏ လွတ်လပ်ရေး၊ အချုပ်အချာနှင့် နယ်နမိတ်များကို လေးစားရေး၊
- ကတိပြုမှုများ၊ ငြိမ်းချမ်းမှုများ၊ လုံခြုံရေးတည်ငြိမ်မှုများကို ခွဲဝေရန်၊
- အင်အားသုံးခြင်းများကို ရှုတ်ချရန်၊
- အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရန်၊
- ပြည်တွင်းရေးများကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊
- ပြည်ပဝင်ရောက်စွက်ဖက်မှုများ၊ နယ်ချဲ့ခြင်းများနှင့် အကြပ်ကိုင်ခြင်းများမှ ကင်းဝေးရန်၊
- အခြေခံလွတ်လပ်ခွင့်များကို လေးစားရန်၊ လူ့အခွင့်အရေးများကို ကာကွယ်မြှင့်တင်ရန်၊ လူမှုတရားမျှတမှုကို တိုးမြှင့်ရန်၊
- ကုလသမဂ္ဂပဋိညာဉ် နိုင်ငံတကာဥပဒေများနှင့် လူသားချင်းစာနာသည့် ဥပဒေ များကို လေးစားရန်၊
- အဖွဲ့ဝင်နိုင်များအပေါ် အန္တရာယ်ဖြစ်စေသည့် လှုပ်ရှားမှုများမှ ရှောင်ကြဉ်ရန်၊
- ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ဘာသာစကားများကို လေးစားရန်
- စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆက်ဆံရေးများကို ဗဟိုပြုရန်၊

- စုစည်းရေးနှင့် ဈေးကွက်အခြေပြုသော စီးပွားရေးစနစ်ဦးတည်စေသည့် ဥပဒေများကို စောင့်ထိန်းရန် တို့ဖြစ်သည်။

## ချာတာမှာ ဖော်ပြထားတဲ့ အာဆီယံအသင်းကြီးရဲ့ ရည်ရွယ်ချက်တွေက ဘာတွေလဲ။

- ချာတာမှာပါဝင်တဲ့ အာဆီယံအသင်းရဲ့ရည်ရွယ်ချက်တွေကတော့
- ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ပိုမိုအားကောင်းလာစေရေး၊
- နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုယဉ်ကျေးမှုတွင် ပူးပေါင်းဆောင်ရွက်စေရေး၊
- နျူးကလီးယားကင်းစင်သော ဒေသဖြစ်ရေး၊
- ကမ္ဘာ့အသိုင်းအဝိုင်းနှင့် ငြိမ်းချမ်းစွာဆက်ဆံသော သဟဇာတဖြစ်သည့် သဘာဝပတ်ဝန်းကျင် ဖန်တီးရေး၊
- ဈေးကွက်တခုထဲဖြစ်သော ကုန်ထုတ်လုပ်မှုကိုအခြေခံသည့် ဈေးကွက်တည် ဆောက်ရေး၊
- ဆင်းရဲမှုကို လျှော့ချ၍ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို နည်းပါးစေရေး၊
- ဒီမိုကရေစီအားကောင်းရေး၊ လူ့အခွင့်အရေးတိုးတက်ရေးနှင့် ကာကွယ်စောင့် ရှောက်ရေး၊
- အထွေထွေအန္တရာယ်များကို စုပေါင်းတုံ့ပြန်ရေး၊

- တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေး၊
- လူသားရင်းမြစ်များကို ဖွံ့ဖြိုးတိုးတက်စေခြင်း

## အာဆီယံအသင်းကြီးကို ဘယ်လိုဖွဲ့စည်းပုံထားပါသလဲ။

အာဆီယံအသင်းမှာ ပါဝင်တဲ့ဌာနတွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

- အာဆီယံထိပ်သီးအစည်းအဝေး ASEAN Summit
- အာဆီယံ စီမံဆောင်ရွက်ရေးကောင်စီ ASEAN Coordinating Council
- အာဆီယံ အသိုင်းအဝိုင်းကောင်စီ ASEAN Community Councils
- အာဆီယံ အကြောင်းအရာကဏ္ဍဆိုင်ရာဌာနများ ASEAN Sectoral Ministerial Bodies
- အထွေထွေအတွင်းရေးမှူးချုပ် Secretary General
- အာဆီယံ အတွင်းရေးမှူးရုံး ASEAN Secretariat
- အာဆီယံ နိုင်ငံတော်အဆင့် အတွင်းရေးမှူးရုံး ASEAN National Secretariat
- အမြဲတမ်းကိုယ်စားလှယ် အတွင်းရေးမှူးရုံး Committee Permanent Representatives (CPR)

- အာဆီယံ အစိုးရများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် ASEAN Intergovernmental Commission on Human Eights
- အာဆီယံအမျိုးသမီးနှင့် ကလေးအခွင့်အရေးများအား ကာကွယ်မြှင့်တင်ရေးဆိုင်ရာကော်မရှင် ACWC
- အာဆီယံ ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ ကြေညာစာတမ်းပေါ် ထွန်းရေး ကော်မတီ ACMW

## အာဆီယံထိပ်သီးအစည်းအဝေး ASEAN Summit ဆိုတာဘာလဲ။




အာဆီယံဆားမစ်လို့ လဲခေါ်လေ့ရှိတဲ့ အာဆီယံအစည်းအဝေးဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက အမြင့်ဆုံးခေါင်းဆောင်များတွေ တက်ရောက်ရပြီး အာဆီယံမှာ အမြင့်ဆုံးဆုံးဖြတ်ချက် ချတဲ့နေရာဖြစ်ပါတယ်။ အာဆီယံရဲ့ ရည်ရွယ်ချက်တွေ အတိုင်းအောင်မြင်ဖို့အတွက် လိုအပ်တဲ့ ဆုံးဖြတ်ချက်

တွေနဲ့ ပေါ်လစီဆိုင်ရာ လမ်းညွှန်ချက်တွေကို ချမှတ်လေ့ရှိတဲ့နေရာ ဖြစ်ပါတယ်။ ဒ့ါအပြင် အာဆီယံဒေသအတွင်း အရေးပေါ်ဖြစ်ပျက်နေတဲ့ အခြေ အနေတွေနဲ့ပတ်သက်ပြီး ဆွေးနွေးတဲ့နေရာလဲဖြစ်ပါတယ်။ ဒီထိပ်သီးအစည်းအဝေးကနေပြီး အာဆီယံအသင်းရဲ့ အထွေထွေအတွင်းရေးမှူးကို ရွေးချယ်ခန့်အပ်လေ့ရှိပါတယ်။ သက်ဆိုင်ရာဝန်ကြီးတွေကို ဝန်ကြီးအဆင့်အစည်းအဝေးတွေကို ခေါ်ယူဆွေးနွေးဖို့၊ အာဆီယံဒေသအတွင်းမှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေအလိုက် တင်ပြဆွေးနွေးဖို့ ညွှန်ကြားလေ့ရှိပါတယ်။ အာဆီယံ ထိပ်သီးအစည်းအဝေးကို အာဆီယံသဘာပတိအဖြစ် အလှည့်ကျတဲ့နိုင်ငံမှာ တနှစ်ကို နှစ်ကြိမ်ကျင်း ပလေ့ရှိပါတယ်။

## အာဆီယံ စီမံဆောင်ရွက်ရေးကောင်စီ ASEAN Community Councils ဆိုတာဘာလဲ။

အာဆီယံဝင်အဖွဲ့ဝင်နိုင်ငံတွေက နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတွေပါဝင်တဲ့ ကောင်စီဖြစ်ပါတယ်။ တစ်နှစ်ကို နှစ်ကြိမ်တွေ့ဆုံပါတယ်၊ အာဆီယံထိပ်သီးအစည်းအဝေး မကျင်းပခင် ထိပ်သီးအစည်းအဝေးအတွက် ပြင်ဆင်ရပါတယ်၊ ဒ့ါအပြင် ထိပ်သီးအစည်း အဝေးကဆုံးဖြတ်ချက်လိုက်တဲ့ သဘောတူညီချက်တွေ၊ ဆုံးဖြတ်ချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် စီမံဆောင်မှုတွေကိုလဲ ဒီကောင်စီကဘဲ တာဝန်ယူလုပ်ဆောင်ရတာဖြစ်ပါတယ်၊ အာဆီယံအသိုင်းအဝိုင်း ကောင်စီတွေရဲ့ လုပ်ဆောင်မှုတွေ ထိရောက်လာအောင် ပူးပေါင်းဆောင်ရွက်မှုတွေ အားကောင်းလာအောင် လုပ်ဆောင်ပြီးတော့ အထွေထွေအတွင်းရေးမှူးချုပ်နဲ့

အသိုင်းအဝိုင်းကောင်စီတွေက တင်ပြတဲ့ အစီရင်ခံစာတွေကို လေ့လာသုံးသပ်ပါတယ်။

## အာဆီယံအသိုင်းအဝိုင်းကောင်စီ ASEAN Community Councils ဆိုတာဘာလဲ။

အာဆီယံအသိုင်းဝန်းကောင်မှာ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုင်းအဝိုင်းကောင်စီ၊ အာဆီယံစီးပွားရေးအသိုင်းအဝိုင်းကောင်စီ၊ အာဆီယံလူမှုရေးအသိုင်းအဝိုင်းကောင်စီ စတဲ့ကောင်စီ (၃) ခုနဲ့ဖွဲ့စည်းထားတာဖြစ်ပါတယ်၊ ကောင်စီတခုစီတိုင်းဟာ သူတို့ ကောင်စီနဲ့ သက်ဆိုင်ရာအကြောင်းအရာ ကဏ္ဍာဆိုင်ရာဌာန တွေကို ကြီးကြပ်ရပါတယ်၊ အဲဒီ ကောင်စီတွေရဲ့အစည်းအဝေးတွေကို သက်ဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက ရွေးချယ်စေလွှတ်တဲ့ ကိုယ်စားလှယ်တွေတက်ရောက်ရပါတယ်၊ အာဆီယံထိပ်သီးအစည်းအဝေးက ချမှတ်တဲ့ ဆုံးဖြတ်ချက်တွေကို အကောင်အထည်ဖော်နိုင်အောင် ကဏ္ဍာအသီးသီးရဲ့လုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်ရပါတယ်၊ အဲဒါအပြင် အာဆီယံထိပ်သီးအစည်းအဝေးထံကို အစီရင်ခံစာနဲ့ အကြံပေးချက်တွေ တင်သွင်းရပါတယ်၊ အာဆီယံ အသိုင်းအဝိုင်းကောင်စီရဲ့ အစည်းအဝေးကိုအနည်းဆုံး တစ်နှစ် နှစ်ကြိမ်ကျင်းပပြီး အာဆီယံအလှည့်ကျသဘာပတိဖြစ်တဲ့နိုင်ငံက သင့်တော်ရာဝန်ကြီးတယောက်ကို ဥက္ကဌအဖြစ်တာဝန်ယူရ လေ့ရှိပါတယ်။

## အာဆီယံ အကြောင်းအရာကဏ္ဍဆိုင်ရာ ကော်မတီများ ASEAN Sectoral Ministerials Committee ဆိုတာဘာလဲ။

အာဆီယံအကြောင်းအရာကဏ္ဍဆိုင်ရာ ကော်မတီတွေဟာ သူတို့ကိုပေးအပ်ထားတဲ့ လုပ်ပိုင်ခွင့်တွေအရ အာဆီယံထိပ်သီးအစည်းအဝေးက သဘောတူဆုံးဖြတ်ချက်တွေကို အကောင်အထည်ဖော်တဲ့ လုပ်ငန်းတွေကို တာဝန်ထမ်းဆောင်ရပါတယ်၊ သူတို့လုပ်ငန်းနဲ့ပတ်သက်တဲ့ အစီရင်ခံစာတွေနဲ့ အကြံပေးချက်တွေကို သက်ဆိုင်ရာ အသိုင်းအဝိုင်းကောင်စီ ရဲ့ အစည်းအဝေးတွေဖြစ်တဲ့ အထူးအရာရှိအစည်းအဝေး (Senior Official Meeting –SOM)၊ လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ထိပ်တန်းအရာရှိအစည်းအဝေး (Senior Official Meeting on Social Welfare and Development –SOMSWD)၊ အာဆီယံအမျိုးသမီးဆိုင်ရာ ကော်မတီအစည်းအဝေး (ASEAN Committee on Women) တွေဆီ တင်ပြရပါတယ်။

## အထွေထွေအတွင်းရေးမှူးချုပ် (Secretary General) ကို ဘယ်လိုခန့်အပ်ပါလဲ။



အထွေထွေအတွင်းရေးမှူးချုပ်ကို အာဆီယံထိပ်သီးအစည်းအဝေးက ခန့်အပ်ပါတယ်။ သက်တမ်းက (၅) နှစ်ဖြစ်ပြီးတော့ သက်တမ်းထပ်တိုးခွင့်မရှိပါဘူး။ အာဆီယံချာတာနဲ့အညီ တာဝန်ဝတ္တရားတွေကို ထမ်းဆောင်ရပါတယ်။အာဆီယံရဲ့သဘောတူညီချက်တွေနဲ့ဆုံးဖြတ်ချက်တွေကို အကောင်အထည်ဖော်နိုင်အောင် လုပ်ဆောင်ရတဲ့အပြင် လုပ်ငန်း တိုးတက်အောင်မြင်မှုတွေကို ကြီးကြပ်ရပါတယ်၊ ဒီအကြောင်းတွေနဲ့ပတ်သက်ပြီး အာဆီယံထိပ်သီးအစည်းအဝေးမှာ အစီရင်ခံစာတင်သွင်းရပါတယ်၊ အာဆီယံမှာကျင်းပတဲ့ အစည်းအဝေးတွေအပြင် အာဆီယံမဟုတ်တဲ့ တခြားအဖွဲ့တွေကို အာဆီယံကို ကိုယ်စားပြုပြီး တွေ့ဆုံရပါတယ်၊ အထွေထွေအတွင်းရေးမှူးချုပ်ဟာ အာဆီယံရဲ့ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်အရှိဆုံးလဲဖြစ်ပါတယ်။

## အတွင်းရေးမှူးရုံး Secretariat ဆိုတဘယ်လဲ၊ သူ့မှာ ဘာတာဝန်တွေရှိသလဲ။

အထွေထွေအတွင်းရေးမှူးချုပ်ရုံးက အာဆီယံရဲ့ ရည်မှန်းချက်တွေလုပ်ငန်းထိရောက်အောင် မြင်မှုတွေအတွက် အစွမ်းကုန်တာဝန်ထမ်းဆောင်ရတဲ့သူတွေဖြစ်ပါတယ်၊ ဘယ်အစိုးရ ဒါမှမဟုတ် ဘယ်အဖွဲ့အစည်းရဲ့ ညွှန်ကြားချက်ကိုမှ လက်ခံဆောင်ရွက်တာ မလုပ်နိုင်သလို ပြုမူဆောင်ရွက်ပြော ဆိုမှုတွေကို ရှောင်ကြဉ်ရပါမယ်၊ ရုံးကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ အခြေပြုပါတယ်။

## အမြဲတမ်းကိုယ်စားလှယ်ကော်မတီ (Committee Permanent Representatives CPR) ဆိုတာဘာလဲ။

အမြဲတမ်းကိုယ်စားလှယ် ကော်မတီဆိုတာ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေကနေ သံအမတ်ရာထူးနဲ့ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် အဖြစ်ခန့်အပ်သူတွေကို ဆိုလိုတာဖြစ်ပါတယ်၊ သူတို့တွေဟာ အာဆီယံရုံးစိုက်ရာ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့မှာ ရုံးစိုက်ရပါတယ်၊ အာဆီယံအသိုင်းအဝိုင်းကောင်စီတွေနဲ့ အာဆီယံအကြောင်းအရာ ကဏ္ဍာဆိုင်ရာဌာနတွေရဲ့ လုပ်ငန်းတွေကို ကူညီပေးရပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေမှာရှိတဲ့ နိုင်ငံတော်အဆင့်အထွေထွေအတွင်းရေးမှူးရုံးနဲ့ အာဆီယံအကြောင်းအရာ ကဏ္ဍာဆိုင်ရာဌာနတွေအကြား ဆက်စပ်နိုင်အောင် ကူညီလုပ် ဆောင်ပေးရပါတယ်၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်နဲ့ သူ့ရဲ့ရုံးတွေကိုလုပ်ငန်းနဲ့ပတ်သက်တဲ့ အကြောင်း အရာတွေကို တင်ပြဆွေးနွေး ပိုင်ခွင့်ရှိပါတယ်။

## နိုင်ငံတော်အဆင့် အထွေထွေအတွင်းရေးမှူးရုံး National Secretariat ဆိုတာဘာလဲ။

နိုင်ငံတော်အဆင့် အထွေထွေအတွင်းရေးမှူးရုံးဟာ နိုင်ငံတော်ရဲ့ ဆက်သွယ်မှု အချက်အချာပုံစံမျိုးဖြစ်ပါတယ်၊ အာဆီယံပတ်သက်တဲ့ရေးရာကိစ္စမှန်သမျှကို နိုင်ငံတော်အဆင့်မှာ အသိပေးတာ အကြောင်းကြားတာ လုပ်ဆောင်ရပါတယ်၊ အာဆီယံကချမှတ်ထားတဲ့ ဆုံးဖြတ်ချက်တွေကိုနိုင်ငံတော်အဆင့်မှာ အကောင်အထည်ဖော် ဆောင်ရွက်ဖို့ စီမံဆောင်ရွက်ရပါတယ်၊ သက်ဆိုင်ရာ နိုင်ငံတွင်းမှာ အာဆီယံနဲ့ပတ်သက်လို့လူအများသိရှိ သဘောပေါက်အောင် တိုးမြှင့်လုပ်ဆောင်ရပါတယ်။

## အာဆီယံအစိုးရများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (Asean Inter-Governmental Commission on Human Rights) ဆိုတာဘာလဲ။

အာဆီယံချာတာမှာပါတဲ့ အပိုဒ် ၁၄ အရဖွဲ့စည်းထားတဲ့ အာဆီယံရဲ့ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်ဖြစ်ပါတယ်၊ အစိုးရကရွေးချယ်ခန့် အပ်တဲ့ ကော်မရှင် အဖွဲ့ဝင်(၁၀) ဦးနဲ့ဖွဲ့စည်းထားတဲ့ အတိုင်ပင်ခံအဆင့်ရှိသော ကော်မရှင်ဖြစ်ပါတယ်၊ ကိုယ်စားလှယ်တွေဟာ အာဆီယံအဖွဲ့ဝင် နိုင်ငံတနိုင်ငံချင်းကို ကိုယ်စားပြုတဲ့သူတွေဖြစ်ပြီး သက်တမ်း(၃) နှစ်ရှိပါတယ်၊ ကော်




မရှင်ရဲ့ ဆုံးဖြတ်ချက်တွေကို ဆန္ဒခံယူမှုဖြစ် ဆုံးဖြတ်ရမှာဖြစ်ပြီး လူ့အခွင့်အရေးကော်မရှင်ရဲ့ ဥက္ကဋ္ဌဟာ အာဆီယံ၏ အလှည့်ကျသဘာပတိ နိုင်ငံက ဖြစ်ရပါမယ်၊ ကော်မရှင်လည်ပတ်နိုင်ဖို့အတွက် ရံပုံငွေကို အာဆီယံ အတွင်းရေးမှူးရုံးက ယာယီကူညီထားရမယ်လို့ ဆိုထားပါတယ်၊ ကော်မရှင်အဖွဲ့ဝင်တွေဟာ တနှစ်ကို နှစ်ကြိမ် အစည်းအဝေးထိုင်ပြီး အာဆီယံ နိုင်ငံခြားရေး ဝန်ကြီး

တွေဆီကို နှစ်စဉ်အစီရင်ခံစာ တင်သွင်းရမှာ ဖြစ်ပါတယ်။

ကော်မရှင်ရဲ့ လိုက်နာရမည့်ကျင့်ထုံး (Term of Reference)ကို အဖွဲ့ဝင်(၁၀) နိုင်ငံက ရွေးချယ်ခန့်အပ်ခဲ့တဲ့ အထူးကျွမ်းကျင်သူအဖွဲ့ (High Level Panel) အဖွဲ့က ပြင်ဆင်ရေးဆွဲခဲ့ပါတယ်၊ ဒီအဖွဲ့ကနေ လိုက်နာရမယ့် ကျင့်ထုံး ပထမမူကြမ်းကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလက ထိုင်းနိုင်ငံ ဟုဟင်းမြို့မှာ ကျင်းပခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးမှာ တင်သွင်းခဲ့ပါတယ်၊ နောက်ဆုံးမူကြမ်း ကိုတော့ ၂၀၀၉ ခုနှစ် ဇူလိုင်လက ထိုင်းနိုင်ငံ ဖူးခက်မြို့မှာ ကျင်းပခဲ့တဲ့ (၄၂)ကြိမ်မြောက် အာဆီယံဝန်ကြီးများ အစည်းအဝေးကနေအတည်ပြုပြဋ္ဌာန်းပေးခဲ့ပါတယ်၊ ၂၀၀၉ ခုနှစ် အောက်တိုဘာ (၂၃) ရက်က ထိုင်းနိုင်ငံ ချအမ်းမြို့မှာ ကျင်းပခဲ့တဲ့ (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီး ညီလာခံကနေပြီးတော့ အာဆီယံ လူ့အခွင့်အရေးကော်မရှင်ကို ဖွင့်လှစ်ကြောင်း တရားဝင်ကြေညာခဲ့ပါတယ်။

၂၀၁၀ ခုနှစ် မတ်လ (၂၈) ရက်နေ့မှာတော့ လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်တွေဟာ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့မှာ ပထမဆုံး စုံစုံညီညီတွေ့ဆုံခဲ့ပြီး ကော်မရှင်ကလုပ်ဆောင်ရမယ့် လုပ်ငန်းအစီစဉ်တွေ၊ ဦးစားပေးလုပ်ဆောင်ရမယ့် တာဝန်ဝတ္တရားတွေကို တိုင်ပင်ဆွေးနွေးခဲ့ပါတယ်၊ အဲဒီအစည်းအဝေးအပြီးမှာ ကော်မရှင်ကနေ ထုတ်ပြန်ချက်ကို ထုတ်ပြန်ရာမှာ အချက်(၃)ချက် ကိုကြေညာခဲ့ပါတယ်၊ အဲဒီအချက်တွေကတော့ (၁) ကော်မရှင်အနေနဲ့လုပ်ထုံးလုပ်နည်းများ (Rule of Procedure) ကို ဆက်လက်ပြင်ဆင်ဆဲဖြစ်ကြောင်း (၂) နောက် ၅ နှစ်ပိုင်းလုပ်ငန်းအစီစဉ်တွေကိုရေးဆွဲပြီး ၂၀၁၀ ခုနှစ် ဇူလိုင်လမှာ ကျင်းပမယ့် (၄၃)ကြိမ်မြောက် အာရှဝန်ကြီးများဆိုင်ရာ အစည်းအဝေးမှာ တင်ပြမည်ဖြစ်ကြောင်းနဲ့ (၃) အာဆီ

ယံ အမျိုးသမီးနှင့် ကလေးအခွင့်အရေးဆိုင်ရာ ကော်မရှင်ဟာသီးခြားလွတ်လပ်သည့်ကော်မရှင်ဖြစ်ပေမဲ့ လူ့အခွင့်အရေးကော်မရှင်ရဲ့ မူဝါဒများနဲ့အညီ ပူးပေါင်းဆောင်ရွက်မည့် ကော်မရှင်ဖြစ်ကြောင်းကြေညာခဲ့ပါတယ်။

## လူ့အခွင့်အရေးကော်မရှင်ရဲ့ရည်ရွယ်ချက်တွေက ဘာတွေလဲ။

လူ့အခွင့်အရေးကော်မရှင်ရဲ့ ရည်ရွယ်ချက်တွေကတော့

- အာဆီယံမိသားစုအတွင်း လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များ တိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ရေရှည်နည်းဗျူဟာများကို ဖွံ့ဖြိုးအောင်လုပ်ဆောင်ရန်။
- ပညာပေးမှု၊ သုတေသနနှင့် သတင်းဖြန့်ဝေမှုများမှတဆင့် အာဆီယံပြည်သူများအကြား လူ့အခွင့်အရေး အသိအမြင်ပေးမှုများကို ပြည်သူလူထုအကြားတွင် လုပ်ဆောင်ရန်။
- အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတကာ လူ့အခွင့်ရေးစာချုပ်များတွင် တာဝန်ရှိသလို အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သော စွမ်းဆောင်နိုင်မှုများကို မြှင့်တင်ပေးရန်။
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များကို လက်မှတ်ထိုးရန် အတွက် အားပေးရန်။
- အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်းနှင့် အခြားလူ့အခွင့်အရေး စာချုပ်များ ရေးဆွဲရန်။

- လူ့အခွင့်အရေးဆိုင်ရာ အာဆီယံစာချုပ်များကို အပြည့်အဝအကောင်အထည်ဖော်ရန်။
- အာဆီယံနှင့်ပတ်သက်သည့် အခြားဌာနများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ခြင်းနှင့်ဆွေးနွေးညှိနှိုင်းခြင်းများလုပ်ဆောင်ရန်။
- လူ့အခွင့်အရေး တိုးတက်မြှင့်မားရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် တက်နိုင်သမျှ သက်ဆိုင်သူများနှင့် တိုင်ပင်ညှိနှိုင်းရန်။
- လူ့အခွင့်အရေးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သတင်းများကို ရယူရန်။
- အာဆီယံအတွင်း အကြောင်းအရာများနှင့် သက်ဆိုင်သည့်လေ့လာမှုများကို ပြင်ဆင်ရန်။
- လုပ်ငန်းပိုင်ဆိုင်ရာ နှစ်စဉ်အစီရင်ခံစာများနှင့် စေခိုင်းသည့်အစီရင်ခံစာများကို နိုင်ငံခြားရေး ဝန်ကြီးအစည်းအဝေးသို့ တင်ပြအစီရင်ခံရန်။

## အာဆီယံ အစိုးရများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်အပေါ် ဝေဖန်မှုတွေရှိပါသလား။

လူ့အခွင့်အရေးလှုပ်ရှားသူတွေကတော့ အာဆီယံ အစိုးရများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် ပေါ်ပေါက်လာတာနဲ့ပတ်သက်လို့ အာဆီယံမှာ

လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ ပြောဆိုတင်ပြစရာ နေရာတခုပေါ်လာတဲ့အတွက် တိုးတက်လာတယ်လို့ ဆိုနိုင်ပေမဲ့ အားနည်းချက်တွေ ရှိနေသေးတယ်လို့လဲ ထောက်ပြကြပါတယ်။

ကော်မရှင်ရဲ့လုပ်ပိုင်ခွင့်ကို လေ့လာကြည့်မယ်ဆိုရင် ကျင့်ထုံးရဲ့ အပိုဒ် (၂-၁-ခ)အရ အာဆီယံမှာ လူပြောများနေတဲ့ ပြည်တွင်းရေးဝင်ရောက်မစွက်ဖက်ရဘူးဆိုတဲ့မူကို လူ့အခွင့် အရေးကော်မရှင်က ဆက် လက်ဆုတ် ကိုင်ထားတာဖြစ်ပါတယ်၊ အစိုးရတရပ်က လူ့အခွင့်အရေးချိုးဖောက်လို့ စုံစမ်းစစ်ဆေးမယ်ဆိုရင်တောင် ပြည်တွင်းရေးဖြစ်တယ်လို့ ဆင်ခြင်ပေးလာရင် ကော်မရှင်အနေနဲ့ လုပ်ဆောင်ဖို့ အခက်အခဲရှိနေ တာမျိုးဖြစ်နိုင်ပါတယ်၊ နောက်တချက်ကတော့ ကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်တွေကို လေ့လာကြည့်ရင် လူ့အခွင့်အရေးတိုးတက်မြှင့်မားရေး (Promotion)က ပထမ၊ ကာကွယ်ရေး(Protection)က ဒုတိယ ဦးစားပေးသလိုဖြစ်နေပါတယ်၊ ကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်ဖော်ပြချက်မှာ တိုးတက်ရေးနဲ့ သက်ဆိုင်တဲ့လုပ်ပိုင်ခွင့်က (၁၂)ကြိမ်၊ ကာကွယ်ရေးနဲ့သက်ဆိုင်တဲ့ လုပ်ပိုင်ခွင့်က (၂) ကြိမ်သာပါနေပါတယ်။

နောက်ထပ်အားနည်းချက်တော့ လူ့အခွင့်အရေးချိုးဖောက်တဲ့အမှုတွေရှိလာရင် ဘယ်လိုကိုင် တွယ်ဖြေရှင်းနိုင်မလဲ၊ ဘယ်လိုစုံစမ်းစစ်ဆေးနိုင်မလဲ၊ ဘယ်လိုအရေးယူဆောင်ရွက်နိုင်မလဲဆိုတာကို တိတိကျကျမ ဖော်ပြထားတာဘဲ ဖြစ်ပါတယ်၊ လက်ရှိအခြေအနေအထိ လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ ကိုးကားစရာစံချိန်စံညွှန်းတခုမှာ အာဆီယံမှာရှိသလိုချိုး ဖောက်သူတွေကိုအရေးယူ နိုင်မဲ့ တရားရုံးမျိုး တရားစီရင်ရေး ယန္တရားမျိုးတွေမရှိ

သေးပါဘူး၊ လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့ သူတွေအနေနဲ့ တိုင်ကြားနိုင်တဲ့ယန္တရားပုံစံ လုံးဝမပါရှိသေးပါဘူး လက်ရှိကော်မရှင်ဟာ လူ့အခွင့်အရေး စံချိန်များကို တဖြေးဖြေးချင်း ပြုပြင်ပြောင်းလဲမှုပုံစံ (Evolutionary approach)နဲ့ တဆင့်ပြီး တဆင့်တိုးတက်အောင် လုပ်ဆောင်ဖို့ယုံကြည်ကြောင်း၊ အခုပြဌာန်းထားတဲ့ လုပ်ပိုင်ခွင့်တွေကို နောက် (၅)နှစ်တိုင်းမှာ တကြိမ်ပြန်လည်သုံးသပ်မှုတွေ လုပ်ဆောင်မဲ့ပုံစံကြောင့် လူ့အခွင့်အရေးလှုပ်ရှားသူတွေကို မချင့်မရဲဖြစ်စေပါတယ်။

ကော်မရှင်မှာ ပါဝင်တဲ့ကော်မရှင်အဖွဲ့ဝင်တွေ ရွေးချယ်ရာမှာလဲ လူထုအခြေပြုအဖွဲ့အစည်းတွေ နဲ့ တိုင်ပင်ရွေးချယ်ရမယ်လို့ အပိုဒ်(၄-၈)နဲ့ (၄-၉) တို့မှာ ဖော်ပြထားပေမဲ့ ဘယ်လိုမျိုးပါဝင်ရမယ် ဆိုတာကို တိတိကျကျမဖော်ပြထားပါဘူး၊ အဲဒါကြောင့် နိုင်ငံအလိုက် ကော်မရှင်အဖွဲ့ဝင်တွေကို ရွေးချယ်ရာမှာ တနိုင်ငံတမျိုးပုံစံဖြစ်ခဲ့ပါတယ်၊ တချို့နိုင်ငံက ကော်မရှင်ဝင်တွေဟာ အစိုးရကတိုက်ရိုက်ခန့်ထားတဲ့ အစိုးရဝန်ထမ်းဟောင်းတွေဖြစ်တဲ့အတွက် သူတို့ရဲ့လွတ်လပ်မှုဟာ မေးခွန်းထုတ်စရာ ဖြစ်လာခဲ့ပါတယ်၊ နောက်ပြီးတော့ ကော်မရှင်ဝင်တွေကို သက်ဆိုင်ရာနိုင်ငံက အချိန်မရွေး ရာထူးကနေပြန်ရုတ်သိမ်းနိုင်တဲ့အချက်ကလဲ ရှိနေပါသေးတယ်။

## ကော်မရှင်ဝင်တွေကို ဘယ်လိုလူမျိုးတွေ ခန့်အပ်လေ့ရှိသလဲ၊ သူတို့ရဲ့ လုပ်ပိုင်ခွင့်တွေက ဘာလဲ။

လူ့အခွင့်အရေးကော်မရှင်ဝင်တွေဟာ အစိုးရက ရွေးချယ်ခန့်အပ်တဲ့ သူ (၁၀) ဦးဖြစ်ပါတယ်၊ သူတို့တွေကို သက်ဆိုင်ရာနိုင်ငံကနေရွေးချယ်

ပြီး ကော်မရှင်မှာ တာဝန်ထမ်းဆောင်ဖို့ ခန့်အပ်လေ့ ရှိပါတယ်။

ကော်မရှင်အဖွဲ့ဝင်တွေ ရွေးချယ်ရာမှာလဲ လူထုအဖွဲ့အစည်းတွေနဲ့ တိုင်ပင်ရွေးချယ်ရမယ်လို့ လုပ်ထုံးလုပ်နည်းထဲမှာ ရေးသားထားပေမယ့် ဘယ်လိုမျိုး ပါဝင်ရမယ်ဆိုတာကို တိတိကျကျမဖော်ပြထားပဘူး၊ အဲဒါကြောင့် နိုင်ငံအလိုက် ကော်မရှင်အဖွဲ့ဝင်တွေကို ရွေးချယ်ရာမှာတနိုင်ငံတမျိုးပုံစံဖြစ်ခဲ့ပါတယ်၊ တချို့နိုင်ငံတွေမှာတော့ လူထုအခြေပြုအဖွဲ့တွေက အဆိုပြုတဲ့ ကိုယ်စားလှယ်စာရင်းတွေကနေ အစိုးရကရွေးချယ်တာ ဖြစ်ပါတယ်၊ တချို့နိုင်ငံတွေကတော့ လူထုအခြေပြုအဖွဲ့တွေနဲ့ တိုင်ပင်ပြီးရွေးကောက်တာရှိသလို တချို့နိုင်ငံတွေကတော့ အစိုးရ လူထုကိုတောင်အသိ မပေးဘဲခန့် အပ်တာတွေလဲရှိပါတယ်။

## ကော်မရှင်နဲ့ ပတ်သက်ပြီး လူထုအခြေပြုအဖွဲ့တွေက အကြံပြုထားတာတွေရှိပါသလား။

ကော်မရှင်နဲ့ပတ်သက်ပြီး လူထုအခြေပြုအဖွဲ့တွေက အကြံပြုထားတာတွေကတော့ ကော်မရှင်ဝင်တွေဟာ အစိုးရနဲ့ ပတ်သက်သူတွေ မဟုတ်ရဘဲ ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေး လုပ်ထုံးလုပ်နည်းက ပြဋ္ဌာန်းထားတဲ့ အရည်အသွေးသတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှုရှိရမယ်၊ လူ့အခွင့်အရေးကော်မရှင်ဟာ အာဆီယံ အသိုင်းအဝိုင်းကောင်စီတွေထက် အဆင့်မြင့်မားမှု ရှိရမယ်၊ လူ့အခွင့်အရေးနဲ့ပတ်သက်လို့ ကျွမ်းကျင်တဲ့ အတတ်ပညာများပြည့်စုံရမဲ့အပြင် လုပ်ဆောင်နိုင်စွမ်း လည်းမြင့်မားရမယ်၊ ကော်မရှင်များကိုရွေးကောက်ရာမှာ လူအများထင်သာမြင်သာမှုရှိပြီး အကျိုးရှိတဲ့ တိုင်ပင်ညှိ

နိုင်းမှုတွေပြုလုပ်ပြီး ရွေးချယ်ရမယ်ဆိုတဲ့ အချက်တွေဘဲဖြစ်ပါတယ်။

လူထုအဖွဲ့အစည်းတွေက နောက်ထပ်ကြံပြုထားတာတွေကတော့

ပွင့်လင်းမြင်သာသော ကော်မရှင်ဖြစ်ဖို့အတွက် ကိုယ်စားလှယ်ရွေးချယ်ရာမှာ ပွင့်လင်းမြင်သာတဲ့ လုပ်ငန်းစဉ်တခုရှိဖို့နဲ့ အဖွဲ့ဝင်နိုင်ငံတွေကရွေးချယ်ခံမဲ့ သူတွေကို လူထုအဖွဲ့အစည်းတွေက အမည်စာရင်းတင်သွင်းနိုင်ရန်။

ကော်မရှင်မှာ ပုံမှန်အစည်းအဝေး ညှိနှိုင်းမှုတခုစီလုပ်တိုင်းလူထုအခြေပြုအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းမှုအစည်းအဝေးတခု လုပ်ဆောင်ရန်။

ကော်မရှင်အတွင်းရှိ ဆုံးဖြတ်ချက်ချမှတ်ရာမှာ ညှိနှိုင်းအကြံပေးမှု (အထူးသဖြင့် လူထုအဖွဲ့အစည်း တွေနဲ့) အပေါ်မှာ အခြေခံရန်။

အစိုးရမဟုတ်သော အဖွဲ့အစည်း ဒါမှမဟုတ် လူအုပ်စု ဒါမှမဟုတ်လူတဦးတယောက်စီက လက်ခံရရှိတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ သက်ဆိုင်တဲ့ ဆက်သွယ်လာမှုကိုလက်ခံပြီး သင့်တော်စွာ စုံစမ်းစစ်ဆေးပေးဖို့၊ လက်ခံသင့်သည်ဟု ဆုံးဖြတ်ပြီးပါဖြစ်က ပြန်ကြားတုန့်ပြန်ရန်။

ကော်မရှင်အနေနဲ့ နောက်ထပ်သတင်းအချက်အလက်တွေ ထပ်ရရှိဖို့အတွက် ချိုးဖောက်ခံရတဲ့နေရာတွေဆီ သွားရောက်စုံစမ်းမှုတွေ ပြုလုပ်နိုင်ဖို့၊ ကောင်းမွန်ပြေလည်နိုင်စေမဲ့ နည်းလမ်းစနစ်တွေကို အသုံးပြုရန်၊ စုံစမ်းစစ်ဆေးမှုတွေပြီးရင် ပြဿနာနဲ့ပတ်သက်တဲ့ အကြံပြုချက်တွေတင်ပြ ဖို့နဲ့ ဒီလိုလုပ်ဆောင်နေတဲ့အချိန်မှာ အစိုးကနေ ကာကွယ်စီမံပေးတာတွေကို လုပ် ဆောင်ပေးဖို့ ပန်ကြားခြင်းများ လုပ်ဆောင်ရန်။

ဖြစ်ပွားနေတဲ့နေရာကို သွားရောက်လေ့လာစုံစမ်းဖို့ လိုအပ်ရင် အစိုးရက လိုအပ်တဲ့ကူညီမှုတွေ၊ လုပ်ပိုင်ခွင့်တွေနဲ့ အသုံးပြုနိုင်တဲ့စံနှုန်းတွေ အားလုံးကို ကော်မရှင်းအတွက် ပြင်ဆင်ပေးရန်၊ ဒီလိုပြင်ဆင်ပေးရာမှာ လူထုအဖွဲ့အစည်းတွေအပါအဝင် ဘယ်သူ့ကိုမဆို လွတ်လပ်စွာ သီးသန့်တွေ့ဆုံမေးမြန်းနိုင်ခွင့်ရှိရန်။

ကော်မရှင်ဆီကို သတင်းအချက်အလက် သက်သေထွက်ဆိုပေးတဲ့ သူတွေကို ကာကွယ်ပေး တာအပါအဝင် လိုအပ်တဲ့ အာမခံပေးချက်တွေကို အစိုးရက လုပ်ဆောင်ပေးရန်။

ကော်မရှင်ဟာ သူ့ကိုယ်ပိုင်စတင်မှုနဲ့ ဖြစ်စေ တစုံတဦးကပန်ကြားလို့ ဖြစ်စေ လူထုရှေ့မှောက် ကြားနာတာကို လုပ်ဆောင်ဖို့ ဆုံးဖြတ်နိုင်ရန်။

ကော်မရှင်ရှေ့မှောက်မှာ ရောက်လာတဲ့သူကို ဘယ်ခြိမ်းခြောက်မှုမျိုးမှ မရှိဘဲ လိုအပ်တဲ့ သက်သေခံချက်အားလုံးကို ဖော်ထုတ်နိုင်စေဖို့ တိုက်တွန်းအားပေးရန်၊ ထိုသူမျိုးတွေကို ကော်မရှင်က ကာကွယ်ပေးရန်။

အာဆီယံလူ့အခွင့်အရေး ကြေညာစာတမ်း ရေးသားရာနဲ့ ဒေသဆိုင်ရာအတွက် အနာဂတ်လူ့အခွင့်အရေးစံနှုန်းတွေ သတ်မှတ်တဲ့နေရာ လွတ်လပ်တဲ့ လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူတွေနဲ့ ဖွဲ့စည်းထားတဲ့ ကော်မရှင်ခွဲတွေ၊ လူထုအဖွဲ့အစည်းတွေ၊ အခြားသက်ဆိုင်သူများနဲ့ အဓိပ္ပာယ် ပြည့်ဝသော စစ်မှန်သော ဆွေးနွေးညှိနှိုင်းမှုတွေကတဆင့် ပြုလုပ်ရန်၊ အ ပြည် ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံနှုန်းတွေနဲ့လဲ ကိုက်ညီရန်တိုက်တွန်းပြောဆို ထားပါတယ်။

39

## အာဆီယံအလှည့်ကျသဘာပတိ (Chair) ဆိုတာဘယ်သူလဲ ဘယ်လို ရွေးချယ်ပါသလဲ။

အာဆီယံရဲ့ လုပ်ထုံးလုပ်နည်းအရ အလှည့်ကျသဘာပတိကို တစ် နှစ်တစ်ကြိမ် အလှည့်ကျ နိုင်ငံပြောင်းပြီး တာဝန်ပေးလေ့ရှိပါတယ်။ အလှည့် ကျသဘာပတိတာဝန်ကို ပေးတဲ့အခါမှာ အဖွဲ့ဝင်နိုင်ငံတွေရဲ့ အင်္ဂလိပ်လိုပထမစာလုံးအစီစဉ်အတိုင်းပေးရပါတယ်။ အေဘီစီ စသည်ဖြင့်ပေါ့။ အလှည့်ကျသဘာပတိ တာဝန်ကျတဲ့နိုင်ငံဟာ အာဆီယံထိပ်သီး အစည်းအပါအဝင် အခြားအစည်းအဝေးတွေကို သူ့နိုင်ငံမှာ ဦးဆောင်ကျင်းပရပါတယ်။

## အာဆီယံအမျိုးသမီးနဲ့ ကလေးအခွင့်အရေးများ တိုးတက်မြင့်မားရေးနှင့် ကာကွယ်စောင့်ရှောက် ရေးဆိုင်ရာကော်မရှင်ဟာ ဘယ်လိုပေါ်ပေါက်လာသလဲ။

အာဆီယံဒေသအတွင်းမှာရှိတဲ့ အမျိုးသမီးတွေနဲ့ ကလေးတွေ ရဲ့အခွင့်အရေးကို တိုးတက်မြင့်မားအောင်နဲ့ ကာကွယ်စောင့်ရှောက်နိုင်အောင် ရည်မှန်းဖွဲ့စည်းထားတဲ့ ကော်မရှင်တခုဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်ဆယ်နိုင်ငံက ကော်မရှင်ဝင်ဦးရေ (၂၀) နဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ တနိုင်ငံကို အမျိုးသမီးအခွင့်အရေးဆိုင်ရာ ကော်မရှင်ဝင်တဦးနဲ့ ကလေးအခွင့်အရေးဆိုင်ရာကော်မရှင်ဝင်တဦး စုစုပေါင်းနှစ်ဦးစီ ခန့်အပ်ထားရပါတယ်။ သက်တမ်းကတော့ (၃)နှစ် သက်တမ်းဖြစ်ပြီး နောက်သက်တမ်း တခုအတွက် ထပ်မံရွေးကောက်ခံပိုင်ခွင့်ရှိပါတယ်။

အာဆီယံ အဖွဲ့ဝင်နိုင်ငံတွေအားလုံးဟာ ကုလသမဂ္ဂကပြဌာန်းထားတဲ့ နိုင်ငံတကာ အမျိုးသမီးစာချုပ်တွေကို လက်မှတ်ထိုးထားတဲ့ နိုင်ငံ

တွေဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံဒေသ အတွင်းအမျိုးသမီးနဲ့ ကလေးအခွင့်အရေးတွေ တိုးတက်ဖို့နဲ့ ကာကွယ်စောင့်ရှောက်ဖို့အတွက် ကော်မရှင်တရပ်ကို ဖွဲ့စည်းထူထောင်ဖို့ကို ဟိုးအရင်ကတည်းက ဆွေးနွေးသဘောတူခဲ့ပြီးသားဖြစ်ပါတယ်။ ၂၀၀၈ခုနှစ် ဧပြီလက ဂျာကာတာမြို့မှာကျင်းပခဲ့တဲ့ အာဆီယံဆိုင်ရာ အမျိုးသမီးကော်မတီနဲ့ အာဆီယံလူမှု ဖူလုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင် ထိပ်တန်းအရာရှိအစည်းအဝေးတို့ ပူးပေါင်းပြီးအာဆီယံ အမျိုးသမီးနှင့် ကလေးများအခွင့်အရေး တိုးတက်မြင့်မားရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင်ကို ဘယ်လိုမျိုးဖွဲ့စည်းမလဲဆိုတာကိုစတင်ဆွေးနွေးလာခဲ့ကြပါတယ်။ ၂၀၀၈ခုနှစ် အောက်တိုဘာလက ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့မှာ ကျင်းပခဲ့တဲ့ အာဆီယံဆိုင်ရာ ထိပ်တန်းအရာရှိ အစည်းအဝေးတို့ရဲ့ပူးတွဲအစည်းအဝေးမှာတော့ အမျိုးသမီးနှင့် ကလေးများအခွင့်အရေးကော်မရှင်ကိုဘယ်လို ဖွဲ့စည်းသင့်တယ်ဆိုတာကို လေ့လာအကြံပြုဖို့အတွက် အလုပ်အဖွဲ့တဖွဲ့ကို တာဝန်ပေးအပ်ခဲ့ပါတယ်။ အဲဒီ အလုပ်အဖွဲ့က အမျိုးသမီးနဲ့ ကလေးအခွင့်အရေးဆိုင်ရာ ကော်မရှင်ကို ဘယ်လိုဖွဲ့သင့်ကြောင်း အကြံပေးချက်မူကြမ်းတွေကို ပြင်ဆင်ခဲ့တယ်။ လူထုအခြေပြုအဖွဲ့တွေနဲ့ တိုင်ပင်ဆွေးနွေးမှုတွေကိုလည်း လုပ်ဆောင်ခဲ့ပါတယ်။ အလုပ်အဖွဲ့ဝင်တွေ ၂၀၀၉ခုနှစ်အတွင်းမှာ သုံးကြိမ်တိုင်တိုင် စည်းဝေးခဲ့ပြီးနောက် အမျိုးသမီး နှင့် ကလေးအခွင့် အရေးဆိုင်ရာကော်မရှင်ရဲ့လုပ်ထုံးလုပ်နည်း (Term of Reference)ကို ၂၀၀၉ခုနှစ် အောက်တိုဘာလ (၂၃) ရက်မှာ အတ ည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ၂၀၁၀ ဧပြီလအတွင်း ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့မှာ ကျင်းပခဲ့တဲ့ (၁၆)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးအတွင်း ဧပြီ (၇) ရက်နေ့မှာ အမျိုးသမီးနှင့် ကလေးအခွင့်အရေးဆိုင်ရာ ကော်မရှင်

ကိုစတင်ဖွင့်လှစ်ကြောင်း ကြေညာခဲ့ပါတယ်။

အမျိုးသမီးနှင့် ကလေးအခွင့်အရေးဆိုင်ရာ ကော်မရှင်ဟာ အာဆီယံလူ့အခွင့်အရေးကော်မရှင်ကို အကျိုးပြုစေမယ့်ဌာနတခုဖြစ်ပြီး လူ့အခွင့်အရေးကော်မရှင်ရဲ့လမ်းညွှန်မှုနဲ့ စံချိန်စံညွှန်းသက် မှတ်ချက်အောက်မှာ သက်ဆိုင်ရာ အကြောင်းအရာကဏ္ဍနဲ့ပတ်သက်ပြီး လုပ်ဆောင်သွားမှာဖြစ်တယ်လို့ဖွင့်လှစ်တဲ့နေ့မှာအာဆီယံလူ့အခွင့်အရေးကော်မရှင်ကရှင်းပြသွားပါတယ်။ အမျိုးသမီးနှင့် ကလေးအခွင့်အရေးဆိုင်ရာကော်မရှင်ဟာ လူ့အခွင့်အရေးကော်မရှင်နဲ့ နီးနီးစပ်စပ်လက်တွဲဆောင်ရွက်ပြီး လွတ်လွတ်လပ်လပ် လုပ်ဆောင်နိုင်ခွင့်ရှိတယ်လို့လည်း ဆိုပါတယ်။ လက်ရှိတည် ရှိနေတဲ့ လူ့အခွင့်အရေးကော်မရှင်နဲ့ အမျိုးသမီးနှင့် ကလေးအခွင့်အရေးဆိုင်ရာ ကော်မရှင်တို့ ဘယ်လိုမျိုးပုံစံနဲ့ လည်ပတ်လုပ်ဆောင်ကြမလဲဆိုတာနဲ့ပတ်သက်လို့ ဆက်လက်ဆွေးနွေးနေဆဲ ဘဲ ရှိနေပါသေးတယ်။

## အမျိုးသမီးနှင့်ကလေးအခွင့်အရေးဆိုင်ရာ ကော်မရှင်ရဲ့ ရည်ရွယ်ချက်တွေကဘာလဲ။

- ကလေးနှင့် အမျိုးသမီးများအခွင့်အရေးဆိုင်ရာ နိုင်ငံတကာစာချုပ်များ၊ အာဆီယံအတွင်းရှိ စာချုပ်များကို အကောင်အထည်ဖော်ရန်အတွက်မြှင့်တင်လုပ်ဆောင်သွားရန် (Promote)
- အာဆီယံရပ်ဝန်း တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေရန် အမျိုးသမီးနှင့် ကလေးများ၏အခွင့်အရေး တိုးတက်ရေးနှင့်နည်း လမ်းများကို တိုးတက်မြှင့်မားပြီး ကာကွယ်ပေးနိုင်မည့် ပေါ်လ

စီများ၊ ကောင်းမွန်သည့် အစီအစဉ်များကို ဖော်ဆောင်ရန်၊

- အာဆီယံအတွင်း အမျိုးသမီးများနှင့် ကလေးများ အခွင့်အရေးဆိုင်ရာနှင့် ပတ်သက်၍ လူထု၏အသိ အမြင်များတိုးတက်မြင့်မားလာစေရန်၊

- အထူးအန္တရာယ်ရှိပြီး ခွဲခြားခံနေရသော အမျိုးသမီးများနှင့် ကလေးများကိုယ်စား လှုံ့ဆော် မှုများလုပ်၍ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ထိုအခြေအနေများ တိုးတက်အောင်လုပ်ဖို့အားပေးတိုက်တွန်းရန်၊
- အမျိုးသမီးနှင့် ကလေးအခွင့်အရေးများကို အမှန်တကယ်ရရှိခံစားလာစေအောင် သက်ဆိုင်သည့် သူများ၏ စွမ်းရည်များကို မြှင့်တင်ပေးရန် တို့ဖြစ်ပါတယ်။

## ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးနဲ့ ပတ်သက်လို့ရော အာဆီယံမှာ ဘာတွေလုပ်ဆောင်နေလဲ။

ရွှေ့ပြောင်းအလုပ်သမား အခွင့်အရေးနှင့်ပတ်သက်လို့ အာဆီယံအသင်းထဲမှာ ၂၀၀၄ခုနှစ် ကတည်းက စတင်ပြောဆိုခဲ့တာဖြစ်ပါတယ်။ အာဆီယံအသင်းအနေနဲ့ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ အခွင့်အရေးကိုကာကွယ်ပေး၊ မြှင့်တင်ပေးတဲ့ ယန္တရားတခုပေါ်ပေါက်ဖို့ လိုတယ်ဆိုတာအဖွဲ့နိုင်ငံတွေက သဘောတူခဲ့ပါတယ်။

၂၀၀၇ခုနှစ် ဇူလိုင်လ ၃၀ရက်နေ့မှာတော့ အာဆီယံဒေသအတွင်း

ရွှေ့ပြောင်းအလုပ်သမားရဲ့ အခွင့်အရေးကို ကာကွယ်ရေးနှင့် မြှင့်တင်ရေး ကြေညာစာတမ်း အကောင်အထည်ဖော်ရေးကော်မတီ (ASEAN Committee on the implementation of the ASEAN Declaration on the Protection and Promotion of the Rights of Migrant Workers – ACMW)ကို ဖွဲ့စည်းဖို့ အာဆီယံဝန်ကြီး အဆင့်အစည်းအဝေးက ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ အဲဒီကော်မတီမှ အဖွဲ့ဝင်(၁၀)နိုင်ငံက ကိုယ်စားလှယ်(၁၀)ဦးပါဝင်ပါတယ်။




ကော်မတီရဲ့ ပထမဦးဆုံးအစည်းအဝေးကို ၂၀၀၈ခုနှစ် စက်တင်ဘာလမှာ ကျင်းပခဲ့ပါတယ်။ မူကြမ်းကို ရေးဆွဲတဲ့အခါမှာတော့ ရွှေ့ပြောင်းအလုပ်သမားတွေကို တင်ပို့နေတဲ့ နိုင်ငံနှစ်နိုင်ငံဖြစ်တဲ့ ဖိလိပိုင်နဲ့ အင်ဒိုနီးရှား၊ ရွှေ့ပြောင်းအလုပ်သမားတွေကို လက်ခံနေတဲ့ နိုင်ငံနှစ်နိုင်ငံဖြစ်တဲ့ စင်္ကာပူနဲ့ မလေးရှားနိုင်ငံတို့က တာဝန်ယူရေးဆွဲနေကြပါတယ်။ အခုချိန်ထိရွှေ့ပြောင်း အလုပ်သမားတွေကို တင်ပို့တဲ့နိုင်ငံနှစ်နိုင်ငံနဲ့ လက်ခံတဲ့ နိုင်ငံနှစ် နိုင်ငံကြား

အယူအဆကွာဟမှုတွေများလွန်းလို့ ဘယ်လိုအခြေအနေရောက် သလဲ သေသေချာချာမသိရပါဘူး၊ ရွှေ့ပြောင်းအလုပ်သမားတွေကို လက်ခံနေတဲ့ တိုင်းပြည်က ရွှေ့ပြောင်းအလုပ်သမား အခွင့်အရေးစာချုပ်တခု ပေါ်ပေါက်လာပြီး အားလုံးလိုက်နာရမယ့်အထိ ဥပဒေသက်ရောက်မှုတွေရှိလာတာရယ်၊ တရားမဝင် ရွှေ့ပြောင်းအလုပ်သမားတွေကို ထည့်သွင်းအသိအမှတ်မပြုချင်တာရယ်ကြောင့် ရှေ့တိုးတက်ဖို့ခက်နေတယ်လို့ သိရပါတယ်။

*ကော်မတီရဲ့ရည်ရွယ်ချက်ကတော့*

- ရွှေ့ပြောင်းအလုပ်သမားများ အခွင့်အရေးအပေါ် အမြတ်ထုတ်မှုများနှင့် မတရားဆက်ဆံမှု များအား ကာကွယ်ပေးမှုများအား ကာကွယ်ပေးမှုများ၊ အခွင့်အရေးတိုးတက်အောင် လုပ်ဆောင်မှုများကို ထုထောင်သွားရန်၊
- ရွှေ့ပြောင်းအလုပ်သမားများ အခွင့်အရေးကာကွယ်မှုများနှင့် တိုးတက်မြင့်မားလာမှုများ အားကောင်းလာစေရန်အတွက် အာဆီယံနိုင်ငံများအကြား အလုပ်သမားပြောင်းရွှေ့မှုများကို အားကောင်းအောင်လုပ်ဆောင်ရန်၊
- အာဆီယံအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းလုပ်ဆောင်ရန်၊
- အာဆီယံ၏ ရွှေ့ပြောင်းအလုပ်သမားများအခွင့်အရေး ကာကွယ်ရေးနှင့် တိုးတက်မြင့်မားရေး ယန္တရားပေါ်ပေါက်လာစေရန် တို့ဖြစ်ပါတယ်။

- လူထုအခြေပြုအဖွဲ့တွေဖက်ကလဲ ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေး ဆိုင်ရာ အလုပ်အဖွဲ့(Task Force on ASEAN Migrant) ဆိုတာကို ဖွဲ့စည်းပြီး ရွှေ့ပြောင်းအလုပ်သမား အခွင့်အရေးနဲ့ ပတ်သက်တဲ့ ကြေညာစာတမ်းတခုကိုရေးဆွဲခဲ့ပါတယ်။

## အာဆီယံမှာ လူထုအခြေပြုအဖွဲ့အစည်းတွေရဲ့ ပါဝင်မှုကို အာဆီယံက ခွင့်ပြုသလား။

အာဆီယံဟာလူထုကို အခြေပြုတဲ့အဖွဲ့အစည်းဖြစ်ရမယ် အာဆီယံမှာ လူထုအခြေပြု အဖွဲ့တွေရဲ့ပါဝင်မှုကို ခွင့်ပြုရမယ်လို့ အာဆီယံချာတာမှာဖော်ပြထားပါတယ်။ ဒါပေမယ့် ဘယ်လိုမျိုးပါဝင်ခွင့်ပြုရမယ်၊ လူထုအခြေပြုအဖွဲ့တွေရဲ့အခန်းကဏ္ဍက ဘယ်လိုဖြစ်ရမယ်ဆို တာကို တိတိကျကျဖော်ပြထားတော့ မရှိပါဘူး။

အာဆီယံချာတာကို ပြင်ဆင်ရေးဆွဲတဲ့အချိန်ကစပြီး လူထုအခြေပြုအဖွဲ့အစည်းတွေရဲ့ အကြံပေးချက်တွေကို နည်းလမ်းတကျတိုင်ပင်ရယူတာမရှိခဲ့ပါဘူး။ အာဆီယံအစိုးရများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ရဲ့ လုပ်ထုံးလုပ်နည်းတွေကိုပြင်ဆင်ရေးဆွဲတဲ့နေရာမှာရော အမျိုးသမီးများနှင့် ကလေးများအခွင့်အရေးဆိုင်ရာကော်မရှင်ရဲ့ လုပ်ထုံးလုပ်နည်းတွေကို ပြင်ဆင်ရေးဆွဲရာမှာ လူထုအခြေပြုအဖွဲ့တွေရဲ့ အကြံဉာဏ်တွေကို မရယူတာကို တွေ့ရပါတယ်။ လူထုအခြေပြုအဖွဲ့တွေကပဲ အာဆီယံအတွင်း မိမိတို့ရဲ့အယူအဆအကြံပေးချက်တွေကို လက်ခံလာအောင်၊ ပါဝင်စဉ်းစားလာ အောင် ကြိုးပမ်းလုပ်ဆောင်တာတွေ လုပ်ဆောင်ခဲ့ ရပါတယ်။

## အာဆီယံနဲ့ ပတ်သက်လို့ လုပ်ဆောင်နေတဲ့ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေက ဘာတွေလဲ။

အာရှနိုင်ငံတွေမှာရှိတဲ့ လူထုအခြေပြုအဖွဲ့အစည်းတွေ စုပေါင်းပြီး စည်းရုံးလှုံ့ဆော်နေတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေအများကြီးရှိပါတယ်။ အဲဒီအဖွဲ့တွေစုပေါင်းပြီး လူထုအခြေပြုအဖွဲ့တွေရဲ့ အသံတွေ ဖော်ထုတ်နိုင်အောင်လုပ်ဆောင်နေတဲ့ ဒေသဆိုင်ရာအဖွဲ့အစည်း တခုက တော့ အာ ရှပြည်သူ့ လှုံ့ဆော်မှုအတွက် သွေးစည်းညီညွတ်မှု(Solidarity for Asian People Advocacy) အဖွဲ့ဖြစ်ပါတယ်။ အတိုကောက် SAPA (ဆာပါ) လို့ခေါ်ပါတယ်။ အဲဒီအဖွဲ့ကို အဖွဲ့ဝင်တွေကြားမှာ သွေးစည်းညီညွတ်မှုတွေ တည်ဆောက်နိုင်ဖို့နဲ့ လူထုလှုံ့ဆော်မှုတွေ လုပ်နေတဲ့နေရာမှာထိရောက်အောင်မြင်တဲ့ လုပ်ငန်းတွေဖြစ်လာအောင် ရည်ရွယ်ဖွဲ့စည်းခဲ့ပါတယ်။ အဖွဲ့ဝင်အဖြစ် အဖွဲ့ပေါင်းတရာကျော်ရှိပါတယ်။

အာဆီယံနဲ့ပတ်သက်လို့ ဒီအဖွဲ့မှာ အာဆီယံနဲ့လူ့အခွင့်အရေးဆိုင်ရာ အလုပ်အဖွဲ့ (Working Group on ASEAN Human Rights) ဆိုတာကို ဖွဲ့ထားပါတယ်။ အာဆီယံအတွင်း လူ့အခွင့်အရေးဆိုင်ရာ ပိုမိုအားကောင်းလာအောင် စည်းရုံးလှုံ့ဆော်နေကြတဲ့ အဖွဲ့တွေပါဝင်ပါတယ်။

## လူထုအခြေပြုအဖွဲ့အစည်းတွေ အာဆီယံနဲ့ပတ်သက်လို့ လုပ်ဆောင်ခဲ့တာတွေ ဘာတွေရှိသလဲ။

ဒီအဖွဲ့အစည်းတွေဟာ အာဆီယံမှာ လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအချက်တွေ ပါဝင်လာအောင်၊ တိုးတက်လာတဲ့ လူ့အခွင့်အရေးဆိုင်

ရာ အချက်တွေကို ပိုမိုအားကောင်းလာအောင် ဘက်ပေါင်းစုံကနေကြိုးပမ်းဆောင်ရွက်နေလျက်ရှိပါတယ်။ အာဆီယံချာတာပေါ် ပေါက်အပြီး လူ့အခွင့်အရေးကော်မရှင်ကို ဘယ်လိုဖွဲ့စည်းမလဲဆိုတာ ပြင်ဆင်နေဆဲကတည်း




က လူထုအခြေပြုအဖွဲ့တွေက သူတို့ဖြစ်စေချင်တဲ့ပုံစံတွေကို တိုင်ပင်ပြီး ပြင် ဆင်ရေးဆွဲတဲ့အဖွဲ့တွေကို တွေ့ဆုံပြီး အကြံဉာဏ်တွေပေးခဲ့ပါတယ်။ မျက်နှာချင်းဆိုင် တွေ့ဆုံမှုတွေကနေတဆင့် ဆွေးနွေးလှုံ့ဆော်မှုတွေလုပ်ဆောင်ပါတယ်။

အာဆီယံမှာ ဖြစ်ပေါ်တိုးတက်လာတဲ့ အကြောင်းအရာတွေကို အာဆီယံပြည်သူတွေအားလုံး သိရှိနိုင်ဖို့ရယ် အာဆီယံပြည်သူတွေရဲ့ လိုလားချက်တွေကို အာဆီယံအသင်းရဲ့ လုပ်ငန်းတွေထင်ဟပ်နိုင်ဖို့ အကြံဉာဏ်တွေရယူတာတွေကိုလည်း လူထုအခြေပြုအဖွဲ့တွေက သက်ဆိုင်ရာနိုင်ငံတွေမှာ လုပ်ဆောင်ပါတယ်။ နိုင်ငံထဲက ပြည်သူလူထုကို စည်းရုံးတာတင်မကဘဲ သက်ဆိုင်ရာအစိုးရကိုယ်စားလှယ်၊ အာဆီယံရဲ့ လူ့အခွင့်အရေးဆိုင်ရာကော်မရှင်အဖွဲ့ဝင်တွေက တဆင့် အာဆီယံအတွက် လှုံ့ဆော်မှုတွေလုပ်ဆောင်ပါတယ်။

နောက်တခုကတော့ အာဆီယံပြည်သူ့ဖိုရမ်လို လူထုစည်းဝေးပွဲတွေ ကျင်းပပြီး လူထုအခြေပြုအဖွဲ့အစည်းတွေ တိုင်ပင်ဆွေးနွေးကြပြီး ဒေသအတွင်း ပြဿနာတွေအကြောင်းနဲ့ လယ်လိုဖြေရှင်းလုပ်ဆောင်သင့်တဲ့ အကြောင်းတွေကို ဆွေးနွေးတာတွေ လုပ်ဆောင်လေ့ရှိပါတယ်။

## အာဆီယံပြည်သူ့ဖိုရမ်ဆိုတာဘာလဲ။

Asean People Forum သို့မဟုတ် ASEAN Civil Society Conference (ACSC) လို့ခေါ်တဲ့အရာတော့ အာဆီယံပြည်သူတွေ တွေ့ဆုံပြီး ဒေသအတွင်းဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို ဆွေးနွေးပြီး အာဆီယံခေါင်းဆောင်တွေအနေနဲ့ ဘယ်လိုလုပ်သင့် တယ်ဆိုတဲ့အကြံပေးချက်တွေကို ပြင်ဆင်နိုင်ဖို့အတွက်ကျင်းပတဲ့ လူထုတွေ့ဆုံပွဲ ဖိုရမ်ဘဲဖြစ်ပါတယ်။

ဒီလူထုဖိုရမ်ကို အာဆီယံအလှည့်ကျ သဘာပတိနိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ အာဆီယံ ထိပ်သီးအစည်းအဝေးမကျင်းပခင်မှာ ကျင်းပလေ့ရှိပါတယ်၊ တနစ်ကိုတစ်ခါ ကျင်းပလေ့ရှိပါတယ်၊ နိုင်ငံတွေက လူထုအခြေပြု အဖွဲ့ကိုယ်စားလှယ်စုဝေးပြီး ဆွေးနွေးတင်ပြမှုတွေ လှုံ့ဆော်မှုတွေလုပ်ဆောင်နေကျဖြစ်ပါတယ်၊ ၂၀၀၉ ခုနှစ် ထိုင်းနိုင်ငံက အလှည့်ကျ သဘာပတိတာဝန်ကျခဲ့တဲ့နှစ်မှာတော့ လူထုအဖွဲ့အစည်းတွေရဲ့ ဆွေးနွေးပွဲသက်သက်သာ မဟုတ်ဘဲ လူထုအဖွဲ့အစည်းခေါင်းဆောင်တွေနဲ့ အာဆီယံခေါင်းဆောင်တွေ တိုက်ရိုက်မျက်နှာဆိုင်းတွေ့ဆုံနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ပြည်သူ့ဖိုရမ်က ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူကိုယ်စားလှယ်ထဲက မြန်မာနိုင်ငံကိုယ် စားပြုကိုယ်စားလှယ် အပါအဝင်တချို့ကို




အာဆီယံ နိုင်ငံခေါင်းဆောင်တွေက တွေ့ဆုံဖို့ငြင်း ဆန်းခဲ့တဲ့အတွက် အဲဒီအစီအစဉ်တွေဟာ ချောချောမွေ့မွေ့မဖြစ်ခဲ့ရပါဘူး၊ ဒီလိုတွေ့ ဆုံဖို့ငြင်းပယ်ခဲ့တာဟာ အာဆီယံချာတာမှာဆိုထားတဲ့ လူထုအခြေပြု အဖွဲ့အစည်းတွေရဲ့ ပါဝင်မှုကို လေးစားရမယ်ဆိုတဲ့အချက်နဲ့ ကွဲလွဲတယ်လို့ ထောက်ပြကြပါတယ်။

လူထုဖိုရမ်မှာ လူထုအခြေပြုအဖွဲ့အစည်းတွေရဲ့ ပါဝင်မှုတွေ၊ ပွင့်လင်းစွာဆွေးနွေးနိုင်မှုတွေ၊ တင်ပြပိုင်ခွင့်တွေဟာ သင်ဆိုင်ရာအလှည့်ကျသဘာပတိတာဝန်ကျတဲ့ နိုင်ငံအပေါ်မှာ အများကြီးမူတည်တယ်ဆိုတာတွေ့ရပါတယ်၊ လူထုပါဝင်မှုကို အားပေးတဲ့နိုင်ငံမျိုးက အလှည့်ကျသဘာပတိ ဖြစ်ရင် တော့ လူထုပါဝင်မှုဟာ ကောင်းမွန်ပြီး လူထုပါဝင်မှုကို ဟန့်တားတဲ့မနှစ်သက်တဲ့နိုင်ငံမျိုးဆိုရင် အားနည်းတတ်တာကို လေ့လာတွေ့ရှိရပါတယ်။

Association of the South East Asia Nations


LAOS 2016
OPENING CEREMONY
THE 49TH ASEAN FOREIGN MINISTERS' MEETING
24 JULY 2016, VIENTIANE, LAOS